ရိုဟင်ဂျာ ငြိမ်းချမ်းရေး သူရဲကောင်း

# မိုဟစ်ဘုလ္လာ (၁၉၇၁-၂၀၂၁)



လူထုဝဏ္ဏ

THE ART GARDEN ROHINGYA

ရိုဟင်ဂျာ ငြိမ်းချမ်းရေး သူရဲကောင်း

# မိုဟစ်ဘုလ္လာ

(၁၉၇၃-၂၀၂၁)

လူထုဝတ္တာ

**THE ART GARDEN ROHINGYA**

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာအုပ်အမည်- | ရိုဟင်ဂျာ ငြိမ်းချမ်းရေး သူရဲကောင်း မိုဟစ်ဘုလ္လာ |
| ရေးသားသူ- | လူထုဝဏ္ဏ (ရိုဟင်းကိန်း) |
| အမျိုးအစား- | အတ္ထုပ္ပတ္တိ |
| မျက်နှာဖုံး- | ရိုဟင်းကိန်း |
| ဒီဇိုင်း - | ရိုဟင်းကိန်း |
| ထုတ်ဝေသည့်လ - | ၂၀၂၄ ခု၊ မတ်လ |
| အကြိမ် - | ပထမအကြိမ် |
| မူပိုင်- | ©၂၀၂၄ ရိုဟင်းကိန်း |
| ဖြန့်ချိ- | The Art Garden Rohingya |

# မာတိကာ


*စာရေးသူ၏ အမှာစာ* ........ ၄

*ငယ်ဘဝနှင့် ပညာသင်ယူခြင်း* ........ ၇

*အမိမြေ၌ ဦးဆောင်ထမ်းရွက်ခဲ့သည့် တာဝန်များ* ........ ၁၀

*ARSPH ထီးရိပ်အောက်မှ လှုပ်ရှားမှု* ........ ၁၃

*နိုင်ငံခြားခရီးစဉ်နှင့် ကမ္ဘာ့ခေါင်းဆောင်များနှင့် တွေ့ဆုံခြင်း* ........ ၁၉

*အမျိုးသားစည်းလုံးညီညွတ်ရေး လှုပ်ရှားမှု* ........ ၂၈

*ပညာရေး ကြိုးပမ်းမှု* ........ ၃၅

*မြန်မာအစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံခြင်း* ........ ၃၈

*ဘာချန်ချာကျွန်းနှင့် အသက်ဘေး* ........ ၄၆

*တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ရဲသော သတ္တိရှင်* ........ ၅၂

*ဘဝနောက်ဆုံးည* ........ ၅၄

*လုပ်ကြံမှုနောက်ပိုင်းတုန့်ပြန်မှုများ* ........ ၅၉

*မိသားစုဝင်များ လုံခြုံသောနိုင်ငံသို့ ရွှေ့ပြောင်းခြင်း* ........ ၆၆

*သူတို့ပြောသမျှအထွာထွာ* ........ ၆၈

*မိုဟစ်ဘုလ္လာ၏ ဂုဏ်ရည်ဖွဲ့ကဗျာ* ........ ၇၅

*သတင်းစကား* ........ ၇၇

## စာရေးသူ၏အမှာစကား

ဤ "**ရိုဟင်ဂျာ ငြိမ်းချမ်းရေးသူရဲကောင်း မိုဟစ်ဘုလ္လာ**" အိတ်ဆောင်စာအုပ်လေးသည် ကမ္ဘာ့အသိအမှတ်ပြု လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် သူရဲကောင်း၊ ဒုက္ခသည်အရေးလှုပ်ရှားခဲ့သည့် ခေါင်းဆောင် **ချာန်တီးရ်ဘာဖ်** ခေါ် **မိုဟစ်ဘုလ္လာ**ကို ဂုဏ်ပြုမှတ်တမ်းတင်လိုသောအနေဖြင့် သူ့ဘဝအတ္ထုပ္ပတ္တိကို ရေးသားပြုစုထားခြင်းဖြစ်သည်။ မိုဟစ်ဘုလ္လာ၏ဘဝသည် ဆန်းကြယ်လှသော မှတ်တိုင်များစွာဖြင့် ထင်ဟပ်နေသည်။ သူရသတ္တိနှင့်ပြည့်စုံသော ခေါင်းဆောင်ကောင်းတစ်ဦး၏ အရည်အသွေး၊ နှလုံးရည်စိတ်ဓာတ်၊ စေတနာတို့ကို အနာဂတ်ကြယ်တာရာဖြစ်သော ခေတ်လူငယ်မျိုးဆက်သစ်တို့ ဗဟုသုတအဖြစ် လေ့လာဖတ်ရှု၍ အတုယူနိုင်ကြစေရန် ရည်ရွယ်ပါသည်။

စာရေးသူသည် မိုဟစ်ဘုလ္လာနှင့် တစ်ကြိမ်နှစ်ကြိမ်လောက် တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံခွင့်ရရှိခဲ့သည်။ သဘောကောင်းသည့်လူ၊ မျိုးချစ်စိတ်ထက်သန်သည့်လူမျှလောက်သာ ထင်မှတ်ခဲ့သည်။ တစ်နေ့ သည်ပုဂ္ဂိုလ်အကြောင်းကို ကိုယ်တိုင်အပင်ပန်းခံ၍ စိတ်ဝင်တစား ရေးသားပြုစုမည်ကို တွေးတောင်မတွေးမိခဲ့ချေ။ ဤသို့ တန်ဖိုးရှိလှသောသမိုင်းစာမျက်နှာများ သူဖွင့်သွားမည်ကို မမှန်းမိခဲ့ချေ။ အပေါ်ယံ မျက်နှာဖုံးကြည့်ခြင်းဖြင့် လူတစ်ဦးတစ်ယောက်ကို အကဲမခတ်နိုင်ဟု ဝန်ခံရပါမည်။ သူလုပ်ကြံခံရပြီးနောက် သူ့ဘဝအကြောင်းကို ရှာဖွေလေ့လာကြည့်မိသောအခါ အံ့မခန်း ဖြစ်စေခဲ့သည်။ သူကား သာမန်ပုဂ္ဂိုလ်မဟုတ်၊ အဖိုးမဖြတ်နိုင်သည့် အမြတ်တေ ရတနာ လေးစားဂုဏ်ယူဖွယ်ရာပေါင်းချုပ်နှင့် ဘဝခရီးကို ဖြတ်သန်းခဲ့သူ၊ စံပြစိတ်ဓာတ် ပိုင်ဆိုင်သူ၊ မဟာဝီရ သူရသတ္တိ၏

အကောင်းဆုံးသာဓကပင် ဖြစ်သည်။ ယခု သူ့အကြောင်းကို လေ့လာရေးသား ခွင့်ရသည်မှာ အလွန်ပီတိ ခံစားမိသည်။ မိမိကိုယ့်ကိုယ် ဂုဏ်ယူမိသည်။

ဤစာအုပ်လေးတွင် ထည့်သွင်းဖော်ပြထားသော အချက်အလက်များ၊ ဓါတ်ပုံ အထောက်အထားများသည် အင်တာနက်အွန်လိုင်း စာမျက်နှာများနှင့် သတင်းမီဒီယာများမှ ကောက်နုတ်၍လည်းကောင်း၊ မိုဟာစ်ဘုလ္လာ၏ လုပ်ဖော်ကိုင်ဖက်များ၊ ရင်းနှီးသော အသိမိတ်ဆွေများထံမှ စုံစမ်းရှာဖွေ၍လည်းကောင်း အတတ်နိုင်ဆုံး ပြည့်စုံအောင် ရေးသားပြုစုခြင်းဖြစ်ပါသည်။ ဤစာအုပ် ဖြစ်မြောက်အောင် အဖက်ဖက်မှ ကူညီထောက်ပံ့ပေးခဲ့သော ပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရှိပါသည်။ ဤအိတ်ဆောင် စာအုပ်ငယ်တွင် တစ်စုံတစ်ရာ လွဲမှားခြင်းတွေ့ရှိပါက စာရေးသူနှင့် လွတ်လပ်စွာ ဆွေးနွေးနိုင်ပါကြောင်း အသိပေးလိုပါသည်။

စာရေးသူ

**လူထုဝဏ္ဏ**



**"ငါသေရင် သေပါစေ။**
**ငါ့အသက်ကို ငါ့အမျိုးအတွက် စတေးလိုက်တော့မယ်။"**

အထက်ပါကောက်နုတ်ချက်ကား ဟော်လီဝုဒ်ရုပ်ရှင်ဇာတ်ကားထဲက ဒိုက်ယာလော့ဂ် မဟုတ်ချေ။ ငြိမ်းချမ်းရေးသူရဲကောင်း မိုဟစ်ဘုလ္လာ၏ တိုင်းပြည်နှင့် လူမျိုးအတွက် လိုအပ်လာလျှင် စွန့်စားရဲသည့် အာဂစိတ်ဓာတ်ပင် ဖြစ်သည်။ မိုဟစ်ဘုလ္လာကို မသိသောသူကား အဘယ်မှာရှိမည်နည်း။ ထိုသို့ ထင်ပေါ်ကျော်ကြားအောင် သူက သမိုင်းတင်ခဲ့သူဖြစ်သည်။ မိမိ လူမျိုးနှင့် ငြိမ်းချမ်းရေးအတွက် မိမိ၏ ရခဲလှသောဘဝကိုပင် ရဲရဲစွန့်းစွန်း စတေးလိုက်သော အံ့ဖွယ်သံမဏိသတ္တိရှင် အာဇာနည်သူရဲကောင်း တစ်ဦးဖြစ်သည်။ မိသားစုစားဝတ်နေရေးထက် လူမျိုးအရေးကို ဦးစားပေးခဲ့သူ၊ မိမိ၏ အသက်ဇီဝန်ထက် တိုင်းပြည်နှင့် လူမျိုး အကျိုးစီးပွားကို လိုလားသူဖြစ်သည်။ သူ လုပ်ကြံခံရသောသတင်းကား ရိုဟင်ဂျာသာမက ကမ္ဘာကိုပါ မျက်ရည်စက်စက် ယိုစေခဲ့သည်။ သူသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘာဇားခရိုင် ဒုက္ခသည်စခန်း၌ ဒုက္ခသည်အဖြစ်နှင့် ဒုက္ခသည်အခွင့်အရေး ကာကွယ်စောင့်ရှောက်ခဲ့သည့် ကမ္ဘာသိထင်ရှားသော ရိုဟင်ဂျာ ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူတစ်ဦးအဖြစ် မှတ်တိုင်စိုက်ထူသွားသူ ဖြစ်ပေသည်။

○ ## ငယ်ဘဝနှင့်ပညာသင်ယူခြင်း

မိုဟစ်ဘုလ္လာကို ၁၉၇၁ ခုနှစ်တွင် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဂါင်ရတ်ဘီလ်ကျေးရွာ (ပဒကားဒေဝါနာလီ)၌ ဖခင် ဦးဖဇောလ်အဟ်မတ်နှင့် မိခင် ဒေါ်ဥမ္မေဖဇ်လီ တို့က ဖွားမြင်ခဲ့သည်။ ဖခင်မှာ သာသနာ့ပညာရှင်တစ်ပါးဖြစ်သည်။ အဖခင်သည် မိသားစုစားဝတ်နေရေးကြောင်းအရ နိုင်ငံခြားထွက် နေခဲ့ရသည်။ မိုဟစ်ဘုလ္လာသည် အညာဒေသ၌ ဖွားမြင်ခဲ့သော်လည်း အမြော်အမြင်ကျယ်သော မိသားစု၌ ကြီးပြင်းခဲ့သည်။ မိဘနှစ်ပါး၏ ပြုစုပျိုးထောင်ရေးက သူ့အမျိုးသားရေး စိတ်ဓာတ်ရည်နှင့် ဘဝရှေ့ဆက် လမ်းခင်းပေးခဲ့သည်။

မိုဟစ်ဘုလ္လာသည် အခြေခံပညာကို ပဒကားဒေဝါနာလီ၊ တမန်းသားနှင့် ဘော်လီဘာဇား အထက်တန်းကျောင်းတို့တွင် သင်ယူခဲ့သည်။ မောင်တော အထက်တန်းကျောင်းမှ ဆယ်တန်းအောင်ခဲ့သည်။ စစ်တွေကောလိပ်သို့ တက်ရောက်ကာ အဆင့်မြင့်ပညာဆည်းပူးရာ ရုက္ခဗေဒအဓိကဖြင့် ဘီအက်စ်စီ သိပ္ပံဘွဲ့ ရရှိခဲ့သည်။

သူသည် ကျောင်းသားဘဝကပင် မျိုးချစ်စိတ်ဓာတ် ထက်သန်သူဖြစ်သည်။ ဖြတ်ထိုးဉာဏ်လျင်သည်။ သူတပါးအား ကူညီစိတ်သန်သည်။ ကော်လိပ်သို့ ရောက်ရှိလာသော နယ်ဝေးကျောင်းသူကျောင်းသားများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးလေ့ရှိသည်။ လူမျိုးနှင့် တိုင်းပြည်အကျိုးပြုကိစ္စရပ်များတွင် လည်း အမြဲပါဝင်လေ့ရှိသည်။ ဗမာအစိုးရက ရိုဟင်ဂျာချေမှုန်းသုတ်သင်နိုင်ရန် ပြုလုပ်ခဲ့သော ၁၉၇၈ ခု နဂါးမင်း စစ်ဆင်ရေး၏ မီးခိုးငွေ့အောက်မှ ကြီးပြင်းလာခဲ့သော မိုဟစ်ဘုလ္လာသည် မိမိ အဖိနှိပ်ခံလူမျိုး၏ ဆိုးရွားလှသော အခြေအနေကို ကိုယ်တွေ့ကြုံခဲ့သူဖြစ်သည်။ သို့နှင့် မိမိလူမျိုးနှင့် တိုင်းပြည်ကို အဓမ္မစက်ကွင်းမှ ကယ်တင်ဖို့ရာ သူအမြဲ ကြိုးပမ်းလျက်ရှိသည်။

ပညာသင်ယူပြီးနောက် မိုဟစ်ဘုလ္လာသည် အသက်မွေးဝမ်းကျောင်းဖက်ကို စိတ်မဝင်စားဘဲ လူထုအကျိုးပြု ပရဟိတလုပ်ငန်းများတွင် ခြေလှမ်းခဲ့သည်။ အစိုးရက ခွဲခြားဆက်ဆံရေးဥပဒေကြောင့် အစိုးရအမှုထမ်းတော့ မဖြစ်နိုင်ခဲ့ချေ။ သို့သော် မိမိဒေသရှိ တမန်းသားတွဲဖက်အထက်တန်းကျောင်းတွင် စေတနာ့ဆရာအဖြစ် ပညာသင်ပြခဲ့သည်။ ဆင်းရဲမွဲတေသော ဒေသခံ အထက်တန်းကျောင်းသူကျောင်းသားများကိုလည်း ကျောင်းပြင်ပ စာသင်ပြခဲ့သည်။ ထို့နောက် လူသားချင်းစာနာထောက်ပံ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော GRAT တွင် ဝင်ရောက် အလုပ်လုပ်ကိုင်ခဲ့သည်။ ထိုအဖွဲ့တွင် ရာထူးအဆင့်ဆင့်တိုးမြင့်ကာ Field Monitoring Officer ဖြစ်လာခဲ့သည်။ ဆင်းရဲနွမ်းပါးနေသော ပြည်သူများကို စားဝတ်နေရေး အခက်အခဲမှ ရုန်းထွက်နိုင်အောင် ဝေးလံခေါင်ပါးဒေသများသို့ တကူးတက သွားရောက် ကူညီဖေးမခဲ့သည်။

မိုဟစ်ဘုလ္လာ၏ ပုဂ္ဂိုလ်ရေးပိုင်းနှင့်ပတ်သက်၍ ဘူးသီးတောင်-မောင်တော ဒေသဖွံ့ဖြိုးရေးအသင်း၏ သူ့လုပ်ဖော်ကိုင်ဖက် ကေအမ် အောင်ဇော်လင်းက-

> **"သူက အင်မတန်အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ အတွေးအခေါ် အမြော်အမြင်ကျယ်တယ်။ ဆက်ဆံရေးလည်း သိမ်မွေ့တယ်။ စကားကို ပြတ်သားထိမိအောင် ပြောတတ်တယ်။ အားကျစရာကောင်းတာက တော့ သူက မျှော်လင့်ချက် လက်မလွှတ်တတ်ဘူး။ ဘယ်လိုပင် ခက်ခဲ ရှုတ်ထွေးတဲ့ ပြဿနာဖြစ်ပါစေ၊ ပြေလည်နိုင်တဲ့ လမ်းကြောင်းတစ်ခု ရှိကိုရှိတယ်လို့ သူ အားတင်းနေတတ်တယ်"**

ဟု သတိရရ ပြောပြခဲ့သည်။

မိုဟစ်ဘုလ္လာသည် အိမ်ထောင်ဖက်အဖြစ် ကောလိပ်ဘဝတုန်းက ချစ်ကျွမ်းဝင်ခဲ့သော စစ်တွေမြို့ နာဇီရပ်ကွက်ဇာတိ မနော်ဆီမာနှင့် ထိမ်းမြားလက်ထပ်ခဲ့ကာ မောင်တောမြို့ ရှိခ်ဒါရ်ပါရာ ခေါ် မြို့မကညွှင်တန်းရပ်ကွက်၊ အထက်တန်းကျောင်းအနီး၌ အခြေချနေထိုင်ခဲ့သည်။ သာယာအေးချမ်းသော အိမ်ထောင်သည်ဘဝနှင့် သားသမီး ကိုးယောက် ထွန်းကားခဲ့သည်။

◆◇◆

## ○ အမိမြေ၌ ဦးဆောင်ထမ်းရွက်ခဲ့သည့်တာဝန်များ

အရပ် ၅ ပေခွဲခန့်ရှိ၍ ကိုယ်ခန္ဓာ အသင့်အတင့်နှင့် အပြုံးမပျက် စမတ်ကျကျ နေထိုင်တတ်သော မိုဟစ်ဘုလ္လာသည် ဒုက္ခသည်ဘဝရောက်မှ သူ၏ ခေါင်းဆောင်မှုသွေး တဆတ်ဆတ် နိုးထလာခဲ့သည်မဟုတ်။ သူသည် အမိမြေ၌ ရှိနေစဉ်ကပင် လူထုအကျိုးဆောင်အဖွဲ့အစည်းများ၊ ပရဟိတလုပ်ငန်းများတွင် ရာကြီးထူးကြီးနှင့် တာဝန်များကို အောင်မြင်စွာ ထမ်းရွက်ခဲ့သူဖြစ်သည်။ အများအကျိုး ဆောက်ရွက်ရာမှာလည်း လက်မနှေးခဲ့ချေ။

၂၀၁၀ ပြည့်နှစ်တွင် မေယုဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မတူကွဲပြားသော လူမျိုးအချင်းချင်း သင့်မြတ်နေထိုင်ရေးအတွက် ရည်ရွယ်၍ နိုင်ငံတော်အစိုးရမှ တရားဝင်ဖွဲ့စည်းပေးသော ဘူးသီးတောင်-မောင်တော ဒေသဖွံ့ဖြိုးရေးအသင်း (Buthidaung Maungdaw Regional Development Association) မှာ မိုဟစ်ဘုလ္လာသည် ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ မောင်တောနှင့် ဘူးသီးတောင်ဒေသ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပြင် လူမျိုးစုများ အချင်းချင်း

သဟာဇာတ တိုးတက်ဖွံ့ဖြိုးရေး၊ အတူတကွ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်နိုင်ရေး စသည်တို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းနှင့် ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ မောင်တော (USDP)တွင်လည်း စည်းရုံးရေးတာဝန်ခံ တစ်ဦးဖြစ်ခဲ့ဖူးသည်။

၂၀၁၂ ခု ရခိုင်ပြည်တွင် သာသနာ့အားထုတ်နေသူ အစ္စလာမ်ဘာသာဝင် (၁၀) ဦးကို ရခိုင်အကြမ်းဖက်အုပ်စုက ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ရာမှ ဖောက်ကွဲလာခဲ့သည့် လူမျိုးရေး အဓိကရုဏ်းမီးနောက်ပိုင်း မျိုးချစ်ဗုဒ္ဓဘာသာဝင် ၉၆၉ အကြမ်းဖက်အဖွဲ့၏ ယုတ်မာညံ့ဖျင်း အောက်တန်းကျ သွေးတိုးလှုံ့ဆော်မှုကြောင့် အစ္စလာမ်ဘာသာမုန်းတီးရေး၊ သာသနာ့အဆောက်အအုံများ ဖျက်ဆီးခြင်း၊ မူစလင်များကို ခွဲခွဲခြားခြားဆက်ဆံခြင်းစသော မင်းမဲ့စရိုက်များ တိုင်းပြည်အနှံ့ အပြား အဆိပ်ငွေ့ပမာ ကူးစက်ပျံ့နှံ့လာခဲ့ချိန်တွင် မိုဟာစ်ဘူလ္လာ၏ ငြိမ်းချမ်းသော အမျိုးသားရေးလှုပ်ရှားမှုလည်း အရှိန်တိုးမြင့်လာခဲ့သည်။

မြန်မာနိုင်ငံ၌ အမြို့မြို့အနယ်နယ်တွင် မူစလင်များကို ပစ်မှတ်ထားကာ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးရိုက်နှက်ခြင်း၊ မတော်မတရား ပြုကျင့်ခြင်းစသည်တို့ အရှိန်တိုးကျူးလွန်လာနေသည်။ မြန်မာ့သတင်းမီဒီယာများကလည်း မျိုးချစ်ဝါဒီ ဆန်ဆန် တညီတညွတ် တဖက်သတ် သတင်းအမှောင်ချနေသောအချိန်တွင် ဒုက္ခရောက်နေသည့် ပြည်သူများကို ကူညီမစနိုင်ရန်၊ ရိုဟင်ဂျာတို့၏ ဥပဒေမဲ့ မတရားကျူးလွန်ခံနေရသော အခြေအနေကို ကမ္ဘာသို့ အမှန်အကန်တင်ပြ၍ တရားမျှတမှုကိုရှာဖွေရန် MYARF (Maungdaw Youth Activists for Rohingya Freedom) အဖွဲ့ကို ဦးစီးဦးကိုင်ပြု၍ စတင်တည်ထောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ရိုဟင်ဂျာလူမျိုးအပေါ် ကျူးလွန်ခဲ့သော လူမဆန်ရက်စက်ကြမ်းကြုတ်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုကာ စစ်မှန်သော တရားမျှတမှု ရရှိရေးအတွက် Rohingya Blogger၊ Myanmar Muslim Media၊

MYARF စသော ပြည်တွင်းပြည်ပ သတင်းမီဒီယာများသို့ သတင်းဆောင်းပါးများ ပေးပို့ကာ ကမ္ဘာသိတင်ပြခဲ့သည်။ မြန်မာနိုင်ငံအနှံ့ တောက်တောက်လောင်လျက် ရှိသော အစိုးရကျော့ထောက်နောက်ခံဖိနှိပ်မှုများ၊ မဘသ၏သောင်းကျန်းမှုများနှင့် ခွဲခြားဆက်ဆံမှု စသည်တို့ကိုလည်း အချိန်နှင့်တပြေးညီ အစီရင်ခံခဲ့သည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ် မိုဟစ်ဘုလ္လာသည် “Mr. President, Just Say Their Name Rohingya” အွန်လိုင်းကင်ပိန်းကို တက်တက်ကြွကြွ ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သည့်အပြင် သမ္မတနှင့်တွေ့ဆုံရန်လည်း ကြိုးပမ်းခဲ့သည်။

မိုဟစ်ဘုလ္လာသည် မိမိ၏ အဖိနှိပ်ခံလူမျိုးဘက်မှ သစ္စာရှိရှိ အမြဲ ရပ်တည်ခဲ့သည်။ ရိုဟင်ဂျာလူမျိုး၏ အဖက်ဖက်မှ ယိုယွင်းလာသော အခြေအနေ၊ မြန်မာအစိုးရ၏ အင်အားသုံး ဖိနှိပ်မှု၊ လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှု ကျူးလွန်မှုစသည်တို့ကို တားဆီးပပျောက်နိုင်ရန် မိမိစွမ်းနိုင်တတ်နိုင်သောလမ်း ကြောင်းမှ ဖွဲ့လုံ့လစိုက် ရုန်းကန်ခဲ့သည်။ သူသည် မိမိအိမ်၌ ပညာတတ် လူငယ်များ၊ လူကြီးမိဘများကို မကြာခဏ ခေါ်ယူတွေ့ဆုံ၍ တိုင်းပြည်နှင့် လူမျိုးရေးရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများ၊ အမြင်ချင်းဖလှယ်မှုများကို အမြဲပြုလုပ်လေ့ရှိခဲ့သည်ဟု သူနှင့်ရင်းနှီးသော ကျောင်းနေဖက် သူငယ်ချင်းတစ်ဦး က သူ့ကို သတိရရင် ပြောဆိုခဲ့သည်။

◆◇◆




## ○ ARSPH ထီးရိပ်အောက်မှ လှုပ်ရှားမှုများ

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မြန်မာအကြမ်းဖက်တပ်ပေါင်းစုံနှင့် ရခိုင်အစွန်းရောက်ပူးပေါင်းအဖွဲ့တို့က ရိုဟင်ဂျာလူမျိုးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ရှင်းလင်းသည့်ကာလ ရိုဟင်ဂျာမျက်နှာဖုံးလူကြီးပိုင်းများကို မတရား ဖမ်းဆီးသတ်ဖြတ်နေသည့်အချိန်တွင် မိုဟစ်ဘုလ္လာသည် ၎င်း၏မိသားစုနှင့်အတူ နေရပ်စွန့်ခွာ၍ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေတ္တခိုလှုံရန် ထွက်သွားခဲ့သည်။

မတရားဖိနှိပ်မှုကို မခံလိုသော မိုဟစ်ဘုလ္လာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တွင် ဒုက္ခသည်အဖြစ် ခိုလှုံပြီးနောက် ရိုဟင်ဂျာဒုက္ခသည်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန် ခြေစုံပစ်ဝင်လာခဲ့သည်။ အသက်ကယ်ထွက်ပြေး လာသည့်ဒုက္ခသည်များ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်နိုင်ရေးကို သူ့စိတ်ဓာတ် ပြင်းပြ

လာသည်။ ထို့ကြောင့် ဒုက္ခသည်များ အကျိုးဆောင်ရွက်နိုင်ရန်အလို့ငှာ အချိန်များမကြာမီ သူ့ဆရာ ဆရာစောလာဝါဒ္ဒိန်း (ကြိမ်ချောင်း)နှင့် အခြားရိုဟင်ဂျာပညာတတ် ၂၀ ခန့်နှင့်အတူ "ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အာရကန်-ရိုဟင်ဂျာ အသိုင်းအဝိုင်း" [Arakan Rohingya Society for Peace and Human Rights] အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နောင်တွင် ARSPH ဟု လူသိများလာသည်။ မိုဟစ်ဘုလ္လာကို ထိုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူစေခဲ့သည်။ ဤ ARSPH အဖွဲ့အစည်းသည် သူ့ရှေ့ဆက်လှုပ်ရှားမှုများ၏ ထီးတစ်လက်သဖွယ် ဖြစ်လာခဲ့သည်။

ARSPH ဖွဲ့စည်းရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ တရားမျှတမှု ရရှိရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ဂုဏ်သိက္ခာရှိရှိ မိမိတို့နေရပ်ပြန်နိုင်ရေး တို့ဖြစ်ကြသည်။ အကျယ်ချဲ့ဖော်ပြရလျှင်-

- ရိုဟင်ဂျာတို့အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျ မှတ်တမ်းတင်ပြီး တရားမျှတမှုကို ရှာဖွေခြင်း။
- ရိုဟင်ဂျာတို့၏ လူ့အခွင့်အရေးနှင့် မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီရရှိရေးအတွက် ကြားခံသံတမန်အဖြစ် ဦးဆောင်ပေးနိုင်သော တစ်မျိုးသားလုံး၏ကိုယ်စားပြု အရည်အချင်းပြည့်ဝသော ခေါင်းဆောင်များကို တညီတညွတ် ခန့်အပ်တင်မြှောက်ခြင်း။
- နေရပ်စွန့်ခွာခဲ့ရသည့် စစ်ပြေးရှောင်ရိုဟင်ဂျာဒုက္ခသည်များ အမြန်ဆုံး နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်း တို့ဖြစ်ကြသည်။

**"တရားမျှတမှု၊ ငြိမ်းချမ်းမှုနှင့် စည်းလုံးညီညွတ်မှု၊ အိမ်ပြန်ရေး"** ဟူသော ရည်ရွယ်ချက်သုံးရပ်နှင့်အညီ ဦးတည်ဖော်ဆောင်နေကြောင်း မိုဟစ်ဘုလ္လာ ကိုယ်တိုင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုအဖွဲ့၏ အရိပ်အောက်မှနေ၍ ရိုဟင်ဂျာဒုက္ခသည်များအရေး အရပ်ရပ်ကို အပတ်တကုတ် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာအရပ်ရပ်မှ ထင်ရှားကျော်သော လူ့အခွင့်အရေးလှုပ်ရှားသူများ၊ နိုင်ငံ့ခေါင်းဆောင်များ၊ အဖွဲ့အစည်းကြီးများနှင့် ချိတ်ဆက်ကာ ရိုဟင်ဂျာလူမျိုးတို့၏ ဖြစ်ရပ်မှန်အခြေအနေ၊ အဖိနှိပ်ခံရမှု၊ အကြမ်းဖက်ခံရမှုများကို မှန်မှန်ကန်ကန် တင်ပြခဲ့သည်။ ရိုဟင်ဂျာတို့၏ တန်းတူအခွင့်အရေးနှင့် တရားမျှတမှုရရှိရေးအတွက် နေ့ညမရွေး ကြိုးပမ်းခဲ့သည်။ ဤသို့ဆောင်ရွက်ရာတွင်လည်း ပန်းခင်းလမ်းမှလျှောက်သကဲ့သို့ ပြေပြစ်လွယ်ကူချောမော့လှသည်ဟူ၍ မရှိချေ။ ဒုက္ခသည်တစ်ဦးအနေနှင့် အကန့်အသတ်များ၊ အတားအဆီးများစွာကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ခဲ့ရသည်။ ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များ၏ တားဆီးပိတ်ပင်ခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ ခေါ်ယူစစ်ဆေးခြင်းများကိုလည်း အကြိမ်ကြိမ်ခံခဲ့ရသည်။

၂၀၁၉ ခုနှစ်တွင် သူနှင့်အပေါင်းအဖော်သုံးယောက် ဒုက္ခသည်စခန်း အမှတ် (၂) တွင် အစည်းအဝေးတစ်ခုမှ ပြန်လာနေစဉ် ဒုက္ခသည်စခန်း လုံခြုံရေး တာဝန်ခံများက ဖမ်းဆီးကာ နှစ်ည အချုပ်ခန်းထဲနေခဲ့ရသည်။ လုံခြုံရေး အရာရှိများက ဖမ်းဆီးစဉ် ထွက်ပြေးလျှင် လွတ်မြောက်နိုင်မည်ဖြစ်သော်လည်း သူက ထွက်မပြေးခဲ့ချေ။ အရေးကြီးသော စာရွက်စာတမ်းများကို အဖော်တစ်ယောက်အား ချက်ချင်းပေးအပ်ကာ သူ့ကို ထွက်ပြေးစေသည်။ မိုဟစ်ဘုလ္လာနှင့် နောက်အဖော်တို့ကမူ အဖမ်းခံလေသည်ဟု ထိုဖြစ်စဉ်တွင် သူနှင့်အတူရှိခဲ့သော ကျောင်းဆရာတစ်ဦးက ဆိုသည်။ ၂၀၁၈ ခု အောက်တိုဘာလမှာလည်း လူထုဆန္ဒပြပွဲတစ်ခုကို ကြိုတင်ကြံစည်နေသည်ဟု စွပ်စွဲကာ သူနှင့် အပေါင်းအပါအချို့ကို ဒုက္ခသည်စခန်း အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ၂၀၁၉ ခု ရိုဟင်ဂျာဂျီနိုဆိုဒ်နေ့ အပြီးမှာလည်း အစိုးရ၏ စစ်ဆေးခြင်းကို ရက်ဆက်ခံခဲ့ရသည်။ ဤသို့ တစ်ကြိမ်မက အကြိမ်ကြိမ်ကြုံခဲ့ရသည်။ နိုင်ငံခြားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရှိသည်ဟုပင် စွပ်စွဲခံခဲ့ရသည်။

သို့သော် သူကား လွယ်လွယ်နှင့် လက်လျှော့ပေးတတ်သည့် သူမဟုတ်။ အမုန်းသမားများ၏ ယုတ်မာမှုက သူ၏ခံယူချက်ကို မပြောင်းလဲနိုင်ခဲ့ချေ။ “သူတို့အလုပ် သူတို့လုပ်နေတာကိုး။ ငါ့အလုပ်ငါလုပ်ရမှာပဲ” ဟူသော ခံယူချက်နှင့် စိတ်ဓာတ်မလျှော့ဘဲ သူရဲကောင်းပီပီ ရဲရဲဝံ့ဝံ့ ဆက်လက်ကြိုးပမ်းခဲ့သည်။

**“ငါတို့ပြဿနာ ဖြေရှင်းချင်ရင် ငါတို့ပဲ လုပ်ရမယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေက ကူညီရုံပဲရှိတယ်။ ရိုဟင်ဂျာအသိုင်းအဝိုင်းက သူတို့ရဲ့အဖွဲ့အစည်းကို ပို၍ ယုံကြည်မှုရှိကြတာပဲလေ”** ဟု ၂၀၁၈ တုန်းက သတင်းဌာနတစ်ခုကို သူပြောကြားခဲ့သည်။ မိုဟစ်ဘုလ္လာသည် ကိုယ့်အားကိုယ်ကိုးသည့် လမ်းစဉ်အပေါ် ယုံကြည်မှု အားကြီးသည်။

ARSPH အဖွဲ့သည် နိုင်ငံတကာအချက်အလက်ရှာဖွေရေး အဖွဲ့အစည်းများနှင့်လက်တွဲကာ ၂၀၁၆-၂၀၁၇ ခုနှစ် မြန်မာစစ်တပ်က ရိုဟင်ဂျာ လူမျိုးအပေါ် ကျူးလွန်ခဲ့သော လူမျိုးတုံးသတ်ဖြတ်မှုမြောက် အကြမ်းဖက် ရာဇဝတ်မှုများကို စနစ်တကျ စုစည်းမှတ်တမ်းတင်ခဲ့သည်။ ဤခြေလှမ်းသည် ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု၏ တရားခံများကို တရားဥပဒေအောက် ဆွဲငင်လာနိုင်ရန်နှင့် တရားမျှတမှုရရှိရေးအတွက် အလွန့်အလွန် အရေးပါလှသည်။

ARSPH စေတနာ့ဝန်ထမ်းများသည် ရာဇဝတ်မှု သက်သေအထောက်အထားများစုဆောင်းရန်အတွက် အသတ်ခံခဲ့ရသော မိသားစုဝင်များနှင့် နှိပ်စက်ညှဉ်းပန်းမှု၊ မုဒိမ်းမှု၊ နေအိမ်များနှင့် ကျေးရွာများ မီးရှို့ခံရမှုနှင့် အခြားသော အကြမ်းဖက်မှုများကို ကိုယ်တွေ့ ကြုံခဲ့ရသူများ သို့မဟုတ် ကြုံတွေ့ခဲ့ရကြောင်းကို မျက်မြင်သိရှိသူများထံမှ စာရင်းကောက်ယူရန် ဒုက္ခသည်စခန်း ၃၄ ခုတွင် တစ်အိမ်ဝင်တစ်အိမ်ထွက် သွားရောက် စုံစမ်းရှာဖွေစုဆောင်းခဲ့ရသည်။ ထိုစုစည်းရရှိသမျှ အထောက်အထားများကို အိုင်စီစီ၊ အိုင်စီဂျေ စသော အပြည်ပြည်ဆိုင်ရာတရားခုံရုံးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ တိကျခိုင်လုံသောသက်သေခံ

အထောက်အထားအဖြစ် ပေးပို့တင်ပြခဲ့သည်။ ယနေ့ ကမ္ဘာ့တရားခုံရုံးများတွင် တရားစွဲထားသော ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု စွဲချက်သည် ARSPH ၏ အဖိုးမဖြတ်နိုင်သော နေ့ညမနား ရှုန်းကန်အားထုတ်မှုကြောင့် ပို၍ခိုင်လုံသွားရခြင်းဟု ဆိုရပေမည်။

ထိုသို့ မိမိအမျိုးအတွက် ကိုယ်ကျိုးမဲ့ကြိုးပမ်းရာမှ မိုဟစ်ဘုလ္လာသည် ဒုက္ခသည်အရေးလှုပ်ရှားနေသော ကမ္ဘာသိ ရိုဟင်ဂျာခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့သည်။ ရိုဟင်ဂျာလူမျိုးတို့၏ ထောက်ခံမှုလည်း တခဲနက်ရရှိသဖြင့် ရိုဟင်ဂျာ ဒုက္ခသည်များ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအဖြစ် ထင်ရှားလာခဲ့သည်။ ကမ္ဘာ့အသိအမှတ်ပြုခံရလေသည်။ ငြိမ်းချမ်းရေးတိုက်ပွဲဝင်နေသော မိုဟစ်ဘုလ္လာကို ရိုဟင်ဂျာလူထုများက **ချာန်ႛးတီရ်ဘာဖ်** (ငြိမ်းချမ်းရေးဖခင်) ဟုပင် ကင်ပွန်းတပ်ချစ်စနိုးခေါ်ကြစပြုလေသည်။

◆◇◆



(ပုံ) ဂမ်ဘီယားနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တွေ့ရသော မိုဟစ်ဘုလ္လာ။ ၂၀၁၉။




(ပုံ) အမေရိကန်ပညာရှင်များအဖွဲ့နှင့် ARSPH ရုံးတွင် တွေ့ဆုံစဉ်။ ၂၀၁၉၊ ဇူလိုင်လ။



(ပုံ) ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းတွင် ဒုက္ခသည်များနှင့်အတူ တွေ့ရသော မိုဟစ်ဘုလ္လာ။ ၂၀၁၉။

## ○ နိုင်ငံခြားခရီးစဉ်နှင့် ကမ္ဘာ့ခေါင်းဆောင်များနှင့်တွေ့ဆုံခြင်း

ဒုက္ခသည်တစ်ဦးအဖြစ်နှင့် နိုင်ငံခြားခရီးစဉ်သွားရောက်ကာ ကမ္ဘာ့ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံသောအဖြစ်အပျက်က ရိုဟင်ဂျာထဲမှာ သူနှင့်စတင်ခဲ့သည်ဟု ဆိုရပေမည်။ မိုဟစ်ဘုလ္လာသည် ဥရောပနှင့် အမေရိကန်နိုင်ငံသို့ ရိုဟင်ဂျာဒုက္ခကိုယ်စားလှယ်အဖြစ်သွားရောက်ကာ ကမ္ဘာ့ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ရိုဟင်ဂျာအရေး တည်ဆဲအခြေအနေကို အသိပေးနှိုးဆော်ခဲ့သည်။ သူသည် ထိုသို့သော် နိုင်ငံများသို့ ရောက်ရှိနေစဉ် နိုင်ငံရေးခိုလှုံခွင့် အလွယ်တကူ တောင်းယူနိုင်သည့် အခွင့်ကောင်း ရှိခဲ့သော်လည်း မလိုလားခဲ့ချေ။ သူက အမျိုးချစ်သော ခေါင်းဆောင်တစ်ဦး ပီသစွာ ဒုက္ခသည်စခန်း တောင်ကြိုးကြားရှိ တဲစုတ်ထဲ၌ သူ့လူတို့နှင့်အတူ အေးအတူပူအမျှ နေထိုင်သွားဖို့သာ ရွေးချယ်ခဲ့သည်။ သူ၏ မျိုးချစ်စိတ်ဓါတ်ကား အံ့ဖွယ်စရာပင်။

၂၀၁၉ ခုနှစ် မတ်လတွင် မိုဟစ်ဘုလ္လာသည် ဘင်္ဂလားဒေ့ရှ်ရောက် ရိုဟင်ဂျာဒုက္ခသည်များကိုယ်စား ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ ဒုက္ခသည်များ၏ လတ်တလောအခြေအနေကိုတင်ပြရန် ရိုဟင်ဂျာအမျိုးသမီးအဖွဲ့အစည်း Shanti Mohila မှ အမျိုးသမီး ခေါင်းဆောင် ဒေါ်ဟာမီဒါခါတွန်နှင့်အတူ ဆွီဇလန်နိုင်ငံ၊ ဂျီနီဗာမြို့သို့ သွားရောက်ခဲ့သည်။

ထို ၄၀ ကြိမ်မြောက် ဂျီနီဗာညီလာခံတွင် သူပြောသွားခဲ့သော သမိုင်းမှတ်တမ်းတင်ဖွယ် စကားများမှာ-

**"ခင်ဗျားမှာ သက်သေခံ အထောက်အထားမရှိဘူး၊ တိုင်းရင်းသားဇာတိမျိုးနွယ်လည်း မရှိဘူး၊ နိုင်ငံလည်း မရှိဘူး။ ဘယ်သူမှ ခင်ဗျားကို မလိုချင်ကြဘူးလို့ တွေးကြည့်လိုက်ပါ။ ခင်ဗျား ဘယ်လိုခံစားရမလဲ။ အဲဒါက ဒီနေ့ ကျနော်တို့ ရိုဟင်ဂျာတွေ အနေနဲ့ ခံစားနေရပုံပါပဲ။"**

မိုဟစ်ဘုလ္လာလုပ်ကြံခံရပြီးနောက် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ၎င်း၏ ၂၀၁၉ ခု မိန့်ခွန်းကို ကောက်နုတ်ကာ

***"သူ့စကားတွေက အလွန်အားကောင်းပြီး ရိုဟင်ဂျာတွေရဲ့ ဆိုးရွားလှတဲ့ အခြေအနေတွေကို ရှင်းရှင်းပြတ်ပြတ် မီးမောင်း ထိုးပြနိုင်ခဲ့တယ်။ ဒီနေ့ လေးနှစ်အကြာမှာတောင် ရိုဟင်ဂျာတွေဟာ တရားမျှတမှုနှင့် နေရပ်ပြန်နိုင်ရေးကို စောင့်ဆိုင်းနေဆဲပါပဲလို့ အဲဒီ နှိုးဆော်သံက ပဲ့တင်သံ ခတ်နေတယ်"*** ဟု ညည်းညည်းညူညူ ပြောဆိုခဲ့သည်။

ထို ဂျီနီဗာညီလာခံ၌ပင် မိမိတို့ ရိုဟင်ဂျာလူမျိုးဟာ နိုင်ငံမဲ့တွေ မဟုတ်ကြောင်း၊ ဘိုးဘွားအမွေစစ် ဇာတိမြေပိုင်ဆိုင်သူများဖြစ်ကြောင်းကို-

**"ကျနော်တို့ နိုင်ငံမဲ့တွေ မဟုတ်ပါဘူး။ ကျနော်တို့ကို နိုင်ငံမဲ့တွေလို့ မခေါ်ပါနဲ့။ ကျနော်တို့မှာ နိုင်ငံရှိတယ်။ အဲဒါ မြန်မာနိုင်ငံပါပဲ"**

ဟု ဇာတိသွေးဇာတိမာန်နှင့် ခပ်ရဲရဲ တိုက်တွန်းလိုက်သည်။

ရိုးရိုးသားသား ခပ်အေးအေးနေတတ်သည့် မိုဟစ်ဘုလ္လာသည် မိမိ၏ အမိမြေနှင့် လူမျိုးကိုထိလာလျှင် အောင့်ခံမနေဘဲ တည့်တည့်တုန့်ပြန်တတ်သော၊ အမျိုးသားရေးမှာ သစ္စာမဖောက်တတ်သော သူရသတ္တိရှင်ပင်ဖြစ်သည်။



(ပုံ) လူအခွင့်အရေးညီလာခံတွင် ဒေါက်တာ ယန်ဟီလီ (အလယ်)၊ ဒေါ်ဟာမီဒါခါတွန် (ဝဲဘက်)နှင့် မိုဟာစ်ဘုလ္လာတို့ အမှတ်တရ ရိုက်ယူထားသောဓါတ်ပုံ။ ၂၀၁၉၊ မတ်လ။




(ပုံ) အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအဆင့်၊ ဘာသာရေးလွတ်လပ်ခွင့် မြင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် မိုဟာစ်ဘုလ္လာကို တွေ့ရစဉ်။ ၂၀၁၉၊ ဇူလိုင်လ။

၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၆-၁၈ ရက်တွင် ဘာသာရေးလွတ်လပ်ခွင့် မြင့်တင်ရေး အမေရိကန်နိုင်ငံခြားရေးဌာနဦးစီးပြီး သုံးရက်ကြာ ကျင်းပခဲ့သော ဒုတိယအကြိမ် နိုင်ငံတကာဝန်ကြီးများအဆင့် အစည်းအဝေးတွင် ဖိတ်ကြားခံရကာ မြန်မာစစ်တပ်သည် ဘာသာရေးအရ ခွဲခြားဖိနှိပ်မှုများ ဆက်လက် ကျူးလွန်နေကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်နေကြောင်း၊ ဘာသာရေး ဖိနှိပ်ခံခဲ့ရသော ရိုဟင်ဂျာဒုက္ခသည်များ၏ အခက်အခဲများ၊ ဂုဏ်သိက္ခာနှင့် လုံခြုံမှုရှိရှိ နေရပ်ပြန်နိုင်ရေးနှင့် တရားမျှတမှုရရှိရေးတို့ကို အကျယ်တဝန်း ဆွေးနွေးတင်ပြခဲ့သည်။ နိုင်ငံအသီးသီးမှ တက်ရောက်လာသော ခေါင်းဆောင်များနှင့်လည်း သီးသန့်တွေ့ဆုံခဲ့သည်။

ထိုခရီးစဉ်အတွင်း၌ပင် အမေရိကန်ပြည်ထောင်စု မြို့တော်ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော်တွင် သမ္မတ Donald Trump နှင့်တွေ့ဆုံခဲ့ကာ အဖိနှိပ်ခံ ရိုဟင်ဂျာအရေးတင်ပြခဲ့သည်။ *"ရိုဟင်ဂျာ ဒုက္ခသည်များသည် မိမိနေရပ်ကို အမြန်ဆုံး ပြန်ချင်ကြပါသည်။ ကျွန်တော်တို့ကို ကူညီဖို့ အမေရိကန်ပြည်ထောင်စု၏ အစီအစဉ်ကို သိလိုပါသည်"* ဟု သမ္မတကို မေးမြန်းခဲ့သည်။ ရိုဟင်ဂျာတို့ နေရပ်ပြန်နိုင်ရေးကို ပါဝင်ဆောင်ရွက်ပေးပါရန် သမ္မတကို မေတ္တာရပ်ခံခဲ့သည်။ ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးမှာ အမေရိကန်ပြည်ထောင်စု၏ ထည့်ထည့်ဝင်ဝင် ပါဝင်ကူညီမှု ရရှိရေးကိုလည်း ဆွေးနွေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် သမ္မတ ဂျိုးဘိုက်ဒင် တက်လာသောအခါ မိုဟစ်ဘုလ္လာသည် သမ္မတ ဂျိုးဘိုက်ဒင်နှင့် ဒုတိယသမ္မတ ကမာလာဟာရစ်ထံသို့ စာချွန်တော်ရေးသား၍ ရိုဟင်ဂျာအပေါ် မြန်မာတပ်မတော်က ကျူးလွန်ခဲ့သော လူမျိုးတုံးသတ်ဖြတ်မှုကို အမေရိကန်အစိုးရက သတ်မှတ်ကြေညာပေးရန်၊ မြန်မာစစ်တပ်နှင့် စစ်တပ်ကို ကူညီနေသော ကုမ္ပဏီများကို တစ်ဦးချင်းစီ စီးပွားရေး ပိတ်ဆို့မှုများ တိုးချဲ့ပြုလုပ်သွားရန်၊ ဒုက္ခသည်များ၏အခွင့်အရေးနှင့် နေရပ်ပြန်ရေးကို အရေးတယူကူညီပေးရန် စသည်တို့ကို ထပ်မံတောင်းဆိုခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဒေါက်တာ ယန်ဟီးလီးနှင့်လည်း မကြာခဏဆက်သွယ် တိုင်ပင်ဆွေးနွေးမှုရှိခဲ့သည်။ သူ ရိုဟင်ဂျာဒုက္ခသည်စခန်းသို့ လာရောက်စဉ် မိုဟစ်ဘုလ္လာနှင့် အထူးတွေ့ဆုံ ဆွေးနွေးခဲ့သည်။ သူလုပ်ကြံမခံရမီ တစ်လလောက်အရင်လည်း ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း မစ္စယန်ဟီးလီက သူ၏ တွတ်တာစာမျက်နှာတွင် ဖော်ပြခဲ့သည်။

လူ့အခွင့်အရေးလှုပ်ရှားသည့် အဖွဲ့အစည်းများဖြစ်သော Fortify Rights၊ Amnesty International ၊ Human Rights Watch စသော အဖွဲ့အစည်းများ၏ အကြီးအကဲများနှင့်လည်း မကြာခဏ ဆက်သွယ်ဆွေးနွေးကာ စခန်းအတွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ၊ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် စစ်တပ်၏ အဓမ္မကွင်းဆက်များကို တင်ပြပေးလေ့ရှိခဲ့သည်။




(ပုံ) အမေရိကန်နိုင်ငံ၊ အိမ်ဖြူတော် အိုဘဲလ်ခန်းတွင် သမ္မတ Donald Trumpနှင့် တွေ့ဆုံ မေးမြန်းနေစဉ်။ ၂၀၁၉၊ ဇူလိုင်လ။

၂၀၁၆ ခုနှစ် မတ်လ ၃ ရက်တွင် အာရှရေးရာ တရုတ်အထူးကိုယ်စားလှယ် Sun Gouxiang ဦးဆောင်သောအဖွဲ့သည် ဒုက္ခသည်စခန်းသို့ လာရောက်ကာ မိုဟစ်ဘုလ္လာ ဦးဆောင်သော FDMN (Forcefully Displaced Myanmar Nationals)အဖွဲ့ဝင် ရိုဟင်ဂျာ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၄ ဦးနှင့် ကုတုပါလောင်ဒုက္ခသည်စခန်းတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ မစ္စတာဆန်းသည် မိုဟစ်ဘုလ္လာကို ငွေကြေးနှင့် ဖျောင်းဖျဖို့ ကြိုးစားခဲ့သည်။ အိမ်ထောင်စုတစ်စုလျှင် ဒေါ်လာ ၆၀၀၀ စီ ပေးမည်ဟု မစ္စတာဆန်းက ကမ်းလှမ်းခဲ့သည်။ သူတို့၏ ကမ်းလှမ်းချက်ကို မိုဟစ်ဘုလ္လာက ငြင်းဆိုကာ "ကျနော်တို့၏ တောင်းဆိုချက်ကို မြန်မာအစိုးရက သဘောတူခဲ့လျှင် ကျနော်တို့ ယခုချက်ချင်း နေရပ်ပြန်တော့မည်။ ကျနော်တို့၏ တောင်းဆိုချက်ကို လက်မခံဘဲ နေရပ်ပြန်ရေးဆွေးနွေးမှု အဆင်ပြေလိမ့်မည် မဟုတ်" ဟု တုန့်ပြန်ခဲ့သည်။

ထို့အပြင် ဒုက္ခသည်များဆိုင်ရာ ဘင်္ဂလားဒေ့ရှ်အကြီးအကဲများ၊ ကုလသမဂ္ဂကိုယ်စားလှယ်များ၊အိုအိုင်စီကိုယ်စားလှယ်များ၊ အမေရိကန်ဆီနိတ်နှင့် လွှတ်တော်အမတ်များအဖွဲ့ တာဝန်ရှိသူများ၊ USAID အဖွဲ့ဝင်များ၊ ကနေဒါနိုင်ငံ လွှတ်တော်အမတ် ရှော့ဘ်အိုလိဖန်၊ မလေးရှားနိုင်ငံ ဒု-ကာကွယ်ရေးဝန်ကြီး Liew Chin Tong၊ ဂမ်ဘီယာနိုင်ငံခြားရေးဝန်ကြီးများ၊ နယ်သာလန် သံအမတ်ကြီး Harry Beweij၊ နော်ဝေးသံအမတ်ကြီး၊ ကနေဒါနိုင်ငံ၏ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Bob Rae၊ တရုတ်နိုင်ငံသံအမတ်ကြီး Zhang Zuo၊ အမေရိကန် ဟိုလိုကာစ်လူမျိုးတုံးသတ်ဖြတ်မှုပြတိုက် အကြီးအကဲများ၊ သုတေသနအဖွဲ့များ၊ နိုင်ငံတကာပညာရှင်အဖွဲ့များ၊ နိုင်ငံတကာစာနယ်ဇင်း သတင်းထောက်များစသော လူသားချင်းစာနာထောက်ထားသည့် ပုဂ္ဂိုလ်များနှင့်လည်း ဒုက္ခသည်များ အခွင့်အရေးနှင့် အမြန်ဆုံးနေရပ်ပြန်ရေးကိစ္စအပေါ် တွေ့ဆုံဆွေးနွေးမြဲရှိကာ အမြန်ဆုံး နေရပ်ပြန်နိုင်ရေးအတွက် တသမတ်တည်း ကြိုးပမ်းခဲ့သည်။

◆◇◆




(ပုံ) မလေးရှားနိုင်ငံ ဒုကာကွယ်ရေးဝန်ကြီး လျူချင်တောင်ဂီ ဦးဆောင်သောအဖွဲ့နှင့် ARSPH ရုံးတွင် တွေ့ဆုံဆွေးနွေးနေစဉ်။ ၂၀၁၉၊ မတ်လ။



(ပုံ) ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး ဂျာန်ဇူနှင့် မိုဟစ်ဘုလ္လာ ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပြီး အမှတ်တရ ရိုက်ကူးထားသော ဓါတ်ပုံ။ ၂၀၁၉၊ မတ်လ။



(ပုံ) အမေရိကန်နိုင်ငံ ဂျီနိုဆိုဒ်ပြတိုက်၏ အကြီးအကဲများနှင့် ဘင်္ဂလားဒေ့ရှ်တွင် တွေ့ဆုံဆွေးနွေးစဉ်။ ၂၀၁၉၊ မတ်လ။



(ပုံ) ကနေဒါနိုင်ငံ လွှတ်တော်အမတ် ဘော့ရဲနှင့်အတူ ဒေါ်ဟာမီဒါခါတွန်၊ မိုဟာစ်ဘုလ္လာတို့ ဝါရှင်တန်ဒီစီ၌ တွေ့ဆုံစဉ်။ ၂၀၁၉၊ ဇူလိုင်လ။



(ပုံ) ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အေကေ အဗ္ဗဒုလ်မိုမန့်နှင့် မိုဟာစ်ဘုလ္လာ တွေ့ဆုံစဉ်။ ၂၀၁၉။

## ○ အမျိုးသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းမှု

မိုဟစ်ဘုလ္လာသည် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် သင့်မြတ်မှုရှိစေရန် ပြည်တွင်းပြည်ပ ရိုဟင်ဂျာခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် အစဉ်တိုင်ပင်ဆွေးနွေးမှုရှိသည်။ ငါ့မြင်းငါစိုင်းသလိုမဟုတ်ဘဲ လူအများစု လက်ခံယုံကြည်သော ဘုံလမ်းစဉ်အပေါ် အတူတူလက်တွဲလျှောက်လှမ်းရန် သူအမြဲကြိုးစားခဲ့သည်။ အမျိုးသားနေ့၊ အာဇာနည်နေ့၊ ဒုက္ခသည်များနေ့၊ ဂျီနိုဆိုက်အောက်မေ့ဖွယ်ရာနေ့ စသော အခမ်းအနားများ ကျင်းပကာ အလ္လာအသီးသီး၏ လူတို့နှင့်ထိတွေ့လျက် အမျိုးသားစည်းလုံးညီညွတ်မှုမဏ္ဍိုင်ကြီး ကြံ့ခိုင်တောင့်တင်းလာအောင် ဆောင်ရွက်ခဲ့သည်။ ဒုက္ခသည်စခန်းအသီးသီးတွင်လည်း အများသဘောတူ ရွေးချယ်ခန့်အပ်သော ကိုယ်စားလှယ်များနှင့် အဖွဲ့ခွဲများကို စနစ်တကျဖွဲ့စည်းပေးခဲ့သည်။ ARSPH အဖွဲ့ဝင်များသည် မိမိတို့၏ သက်ဆိုင်ရာစခန်းတွင် ဖြစ်ပေါ်လျက်ရှိသော အခက်အခဲများကို စုံစမ်းဖော်ထုတ်ကာ လစဉ် ဗဟိုအစည်းအဝေးတွင် တင်ပြဆွေးနွေးရသည်။ ဒုက္ခသည်များကို သတိပေးနှိုးဆော်ခြင်း၊ အသိပညာပေးခြင်း၊ အမျိုးသမီးများ စိတ်ဓာတ်မြင့်တင်ရေး သင်တန်းပေးခြင်း စသည်တို့ကိုလည်း ပြုလုပ်ဆောင်ရွက်ပေးသည်။ ဒုက္ခသည်များနှင့် မတော်မတရားဖြစ်သည်များကို သက်ဆိုင်ရာနှင့်ပူးပေါင်း၍ ဖြေရှင်းပေးသည်။ စားနပ်ရိက္ခာပြတ်လပ်မှု ပြဿနာများ၊ ဒုက္ခသည်များအတွက် လှူဒါန်းသည့် နိုင်ငံတကာ အထောက်အပံ့များကို အလွဲ သုံးစားမှုစသော ဒုက္ခသည်များ၏ အခက်အခဲများကို ပြေလည်အောင် ရှေ့တန်းကနေ တိုက်ပွဲဝင်ခဲ့သည်။ သူ၏ ဗျူဟာမြောက်စီမံခန့်ခွဲမှုက စနစ်ကျလွန်းလှသည်။

မိုဟာစ်ဘုလ္လာ၏ ဦးဆောင်မှုအောက်တွင် ဒုက္ခသည်များ အလွန်ပင် စည်းစည်းလုံးလုံး ရှိလာခဲ့သည်။ အဘယ်အတိုင်းအတာအထိ စည်းလုံးခဲ့သည်ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ဒုက္ခသည်စခန်း၌ ကျင်းပခဲ့သော ဒုတိယကြိမ်မြောက် ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု အောက်မေ့ဖွယ်ရာ အခမ်းအနား (ဂျီနိုဆိုက်နေ့)ကို ကြည့်ခြင်းအားဖြင့် အကဲဖြတ်နိုင်သည်။ ထို ဂျီနိုဆိုက်နေ့ အခမ်းအနားတွင် ဒုက္ခသည် ၅ သိန်း ကျော် စုဝေးတက်ရောက်အောင် စည်းရုံးနိုင်ခဲ့သည်။ ထို့အပြင် ပြည်တွင်းပြည်ပ သတင်းဂျာနယ်ဇင်သမားများ၊ လူ့အခွင့်အရေး လှုပ်ရှားသူများအပါအဝင် အိမ်ရှင်ဘင်္ဂလားဒေ့ရှ် အာဏာပိုင် အကြီးအကဲများလည်း တက်ရောက်ခဲ့သည်။ ထိုလူစုလူဝေးတွင် မိုဟာစ်ဘုလ္လာက ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးကိစ္စကို အလေးထား မိန့်ခွန်းပြောကြား ခဲ့သည်။

> ***"ရိုဟင်ဂျာတွေ အမိမြန်မာပြည်ကို မုချပြန်လာမယ်။ ဒါပေမဲ့ အကြောင်းပြချက်တော့ရှိတယ်။ တန်းတူနိုင်ငံသားဖြစ်ခွင့်ရရှိရမယ်။ အသက်အိုးအိမ် ဘေးကင်းလုံခြုံမှုကို အာမခံရမယ်။ မူလနေရာတွေမှာ ပြန်လည်အခြေချနေထိုင်ခွင့်ပြုရမယ်။" တဆက်တည်း "ကျွန်တော်တို့ ရခိုင်မှာ ရိုက်နှက်၊ သတ်ဖြတ်၊ မုဒိမ်းကျင့် ခံခဲ့ရတယ်။ ဒါပေမဲ့ အဲဒါက ကျွန်တော်တို့အိမ်ဖြစ်နေတုန်းပဲ။ ကျနော်တို့ ပြန်ကို ပြန်ချင်တယ်..."***

ဟု မြန်မာအစိုးရကို ပြတ်ပြတ်သားသား သတင်းစကားပါးလိုက်ခဲ့သည်။

ၚင်းမိန့်ခွန်း၌ ဒုက္ခသည်များ၏ဘဝကို ဖော်ပြရာတွင် **"ကျနော်တို့က တိရိစ္ဆာန်တွေလိုပဲ ရှင်သန်နေရတာလေ။ လူ့အခွင့်အရေးဆိုလို့ ဘာတစ်ခုမှ မရှိဘူး။ လုံခြုံမှုမရှိဘူး။ ပညာရေးလည်းမရှိဘူး။ လုံလောက်တဲ့ သောက်သုံးရေ လည်း မရှိဘူး။ အိမ်သာတောင် မလုံလောက်ဘူးဗျာ"** ဟု ကွက်ကွက်ကွင်းကွင်း မြင်သာအောင် မီးမောင်းထိုးပြခဲ့သည်။

ထို့အပြင် ရိုဟင်ဂျာလူမျိုးအပေါ် ခေတ်အဆက်ဆက် ဖိနှိပ်လာခဲ့သည့် မြန်မာစစ်အုပ်စုနှင့် အစွန်းရောက်မျိုးချစ်တို့၏ ရာဇဝတ်မှုများကို

> **" ကျွန်ုပ်တို့ စနစ်တကျ လူမျိုးတုံးသတ်ဖြတ်ခံနေရတာဖြစ်တယ်။ သူတို့က ကျွန်ုပ်တို့ရဲ့ တိုင်းရင်းသားအခွင့်အရေးကို လုယူခဲ့တယ်။ ကျွန်ုပ်တို့ရဲ့ လယ်မြေတွေကို မတရားသိမ်းဆည်းတယ်။ ကျွန်ုပ်တို့ရဲ့ သမိုင်းဝင် ဝတ်ပြုကျောင်းတော်တွေ၊ ဈေးဆိုင်တွေ၊ အိမ်တွေ ဖျက်ဆီးတယ်။ ဒေသတွင်း လွတ်လပ်စွာ ခရီးသွားလာခွင့် ပိတ်ပင်တယ်။ အဆင့်မြင့်ပညာ ပိတ်ပင်ခဲ့တယ်။ ကျန်းမာရေး စောင့်ရှောက်မှုမရှိဘူး။ အလုပ်လုပ်ခွင့် ကန့်သတ်ထားတယ်။ ဒါတွေမကဘူး။ ကျွန်ုပ်တို့ကို ခိုးဝင်ဘင်္ဂလီလို့တောင် စွပ်စွဲပြန်သေးတယ်"**

ဟု နိုင်ငံတကာက မြင်သာအောင် ဖော်ပြပေးလိုက်သည်။

ဤအခမ်းအနားမှ မိုဟစ်ဘုလ္လာ၏ ခေါင်းဆောင်မှုစွမ်းရည်၊ စည်းရုံးမှုစွမ်းရည်နှင့် ထိရောက်ပြတ်သားစွာ ပြောဆိုတတ်သည့်စွမ်းရည်တို့ကို ကမ္ဘာက တအံ့တသြ သိရှိလာခဲ့သည်။ လူ ၅ သိန်းဆိုသည့် အရေအတွက်က နည်းလှသည် မဟုတ်ပေ။ ဘရူနိုင်းနိုင်ငံ၏ လူဦးရေထက် များလွန်းလှသည်။ ဘင်္ဂလားဒေ့ရှ် အစိုးရကပင် ဒုက္ခသည်များခေါင်းဆောင် မိုဟစ်ဘုလ္လာ၏ ဦးဆောင်မှုစွမ်းရည်ကို ကြောက်ရွံ့လာခဲ့သည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ARSPH အဖွဲ့ဝင်များ၏ လှုပ်ရှားမှုများအသီးသီးကို မျက်ခြေမပြတ်စောင့်ကြည့်လာသည်။ အထူးထောက်လှမ်းရေးအရာရှိများနှင့် စုံထောက်လာခဲ့သည်။ သတင်းစာဆရာ Sam Jahanနှင့်အဖွဲ့သည် မိုဟစ်ဘုလ္လာနှင့်တွေ့ဆုံရန် သူ့ရုံးသို့သွားနေချိန်တွင် ရုံးအနီးတစ်ဝိုက်တွင် ဘင်္ဂလားဒေ့ရှ် ထောက်လှမ်းရေးအဖွဲ့ဝင်များ ခိုးရှောင်ခိုးဝှက် လည်ပတ်နေကြောင်း၊ အာဏာပိုင်များ၏ မေးမြန်းခြင်းကိုလည်း သူတို့ မနည်းခံခဲ့ရကြောင်း သူ၏ အင်တာနက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။




(ပုံ) ၂၀၂၀ ဇန္နဝါရီလ ၃ ရက်တွင် ၆၆ ကြိမ်မြောက် ရိုဟင်ဂျာအမျိုးသားနေ့အခမ်းအနား၌ မိုဟတ်ဘုလ္လာ မိန့်ခွန်းပြောနေစဉ်။ ၂၀၂၀၊ ဇန္နဝါရီလ။



(ပုံ) ၂၀၂၁ ခု ဇူလိုင်လ ၁၉ ရက်တွင် ကာယာပူရီအထက်တန်းကျောင်း၌ ကျင်းပခဲ့သော ၇၅ ကြိမ်မြောက် အာဇာနည်နေ့အခမ်းအနား၌ မိုဟတ်ဘုလ္လာကို တွေ့ရစဉ်။ ၂၀၂၁။

ထို့အပြင် ARSPH ၏ လူထုဟောပြောပွဲများ၊ ငြိမ်းချမ်းသောဆန္ဒပြပွဲများ၊ စည်းရုံးရေးလုပ်ငန်းများကို ကန့်သတ်ချုပ်ချယ်လာခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ARSPH ရုံးချုပ်ကိုပင် နောက်ထပ်အသိပေးစာ မရမချင်း ပိတ်ပင်ထားရန် ဘင်္ဂလားဒေ့ရှ်အစိုးရက အမိန့်ချခဲ့သည်။ ARSPH ၏ လှုပ်ရှားမှုများသည် "ဘင်္ဂလားဒေ့ရှ် ဒေသခံပြည်သူများအတွက် ကြောက်လန့်စရာ ဖြစ်နေသည်"ဟု ဒုက္ခသည်စခန်း တာဝန်ခံအကြီးအကဲတစ်ဦးက မီဒီယာကို ဆင်ခြင်ပေးဖူးသည်။

> **"ဒီရုံးက ကျွန်ုပ်တို့ ရိုဟင်ဂျာအသိုင်းအဝိုင်းရဲ့ ပြင်းပြတဲ့ မျှော်လင့်ချက် ရောင်ခြည်တစ်ခုဖြစ်တယ်။ ဒီရုံးကို သော့ခတ်လိုက်ရင် ကျွန်ုပ်တို့၏ အခွင့်အရေးလှုပ်ရှားမှုမှာ အင်မတန် ဆိုးကျိုးသက်ရောက်မှုရှိနိုင်တယ်။"**

ဟု ရိုဟင်ဂျာလူကြီးပိုင်းတစ်ဦးက ARSPH ပိတ်ခံရခြင်းပတ်သက်၍ AFP သတင်းဌာနကို ရင်ဖွင့်ခဲ့သည်။

TRT World သတင်းဌာနမေးမြန်းခန်းတစ်ခုတွင် "ကျနော်တို့ ဒုက္ခသည်တွေအတွက် အီးဒ်ပွဲတော်ဟာ အဓိပ္ပာယ်မရှိသလောက်ပဲ။ ကလေးတွေကြောင့်သာ ပျော်သလိုလို ဟန်ဆောင်နေရတာဗျား" မိုဟစ်ဘုလ္လာက ရင်တွင်းနာကြည်းမှုကို ကိုယ်ချင်းစာနာစိတ်ရင်းနှင့် ဖွင့်ပြောခဲ့သည်။

ရိုဟင်ဂျာဒုက္ခသည်များသည် မိုဟစ်ဘုလ္လာအပေါ် အဘယ်မျှလောက်အထိ ချစ်ကြိုက်ယုံကြည်မှုရှိလာခဲ့သည်ကို စာဖတ်သူတို့ အကဲခတ်နိုင်သည်။ လူထုအပေါ် ယုံကြည်မှုတည်ဆောက်ရေးက ဟန်ပြရုံမျှသက်သက်နှင့် မဖြစ်နိုင်ချေ။ ထိုယုံကြည်မှုက လူထုအတွက်ပေးဆပ်မှု၏ ရောင်ပြန်ဟပ်ခြင်းဖြစ်သည်။ ၎င်းပုဂ္ဂိုလ်၏ နောက်ခံခြေရာအပေါ်မူတည်သည်။ ၎င်း၏ သစ္စာ၊ မေတ္တာ၊ သဘောထားနှင့်အစွမ်းသတ္တိတို့ကို နောက်လိုက်များက ကိုယ်စိတ်နှင့် လက်ခံပေးဖို့ အရေးကြီးပေသည်။ ဤကား ခေါင်းဆောင်ကောင်းတစ်ဦး၏ ဂုဏ်ပေတည်း။

◆◇◆



(ပုံ) ၂၀၂၃ ဩဂုတ်လ ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှု အောက်မေ့ဖွယ်အခမ်းအနားတွင် မိုဟစ်ဘုလ္လာ၏ ပုံကို ကိုင်၍တွေ့ရသော ဒုက္ခသည်တစ်ဦး။ ၂၀၂၃၊ ဩဂုတ်လ။



(ပုံ) ဒုက္ခသည်စခန်းတစ်နေရာတွင် Crisis Documentary ရုပ်ရှင်ရိုက်ကူးနေသော သတင်းထောက် Tania Rashid နှင့် PBS NewsHour အဖွဲ့နှင့် တိုင်ပင်ဆွေးနွေးနေပုံ။



(ပုံ) ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု အောက်မေ့ဖွယ်အခမ်းအနားတွင် မိန့်ခွန်းပြောနေသော ဒုက္ခသည်ခေါင်းဆောင် မိုဟစ်ဘုလ္လာ။ ၂၀၁၉၊ ဩဂုတ်လ။



(ပုံ) ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု အောက်မေ့ဖွယ်အခမ်းအနားတွင် တက်ရောက်လာသော ဒုက္ခသည်များ မြင်ကွင်း။ ၂၀၁၉၊ ဩဂုတ်လ။

# ပညာရေးကြိုးပမ်းမှု

မည်သည့်အခြေအနေမှာ ကျရောက်သည်ဖြစ်စေ၊ မည်သည့်နယ်မှာ ရောက်သည်ဖြစ်စေ ပညာသင်ကြားရေးကို ရှေ့တန်းတင်မှသာ ကိစ္စချောပေလိမ့်မည်။ သူကိုယ်တိုင်လည်း အလွတ်သင် ကျောင်းဆရာ လုပ်ဖူးသည့်နှင့်အမျှ ပညာမြင့်မှ ပွဲလယ်တင့်မည်ဆိုသော ခံယူချက်ခိုင်မြဲသူဖြစ်သည်။ သူသည် ဒုက္ခသည်စခန်းတွင် ရောက်ရှိနေသော ပွင့်ခါစကလေးသူငယ်များ၏ အနာဂတ်သာယာရေးအတွက် အမြဲစိုးရိမ်ပူပန်လျက်ရှိသည်။ ဒုက္ခသည်များ လုံလောက်ပြည့်စုံသော အခြေခံပညာရေး ရရှိနိုင်ရန်အတွက်လည်း ရုန်းကန်ကြိုးပမ်းခဲ့သည်။ ပညာရေးသည် ငြိမ်းချမ်းရေး၏ မျိုးစေ့ဖြစ်သည်ဟု သူယုံကြည်သည်။ ဒုက္ခသည်စခန်းတိုင်းတွင် ပညာရေးစင်တာများ ဖွင့်လှစ်သင်ကြားရန် ပညာတတ်လူငယ်များကို လှုံ့ဆော်လေ့ရှိသည်။ ဒုက္ခသည်စခန်းတွင် အခြေအနေ အမျိုးမျိုးအရ သက်ဆိုင်ရာက ပြင်ပပညာရေးကို ကန့်သတ်ထားသည်။ ထိုပညာသင်ပြရေး ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် သက်ဆိုင်ရာ တာဝန်ခံများနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊ လူ့အခွင့်အရေးလှုပ်ရှားသည့် အဖွဲ့အစည်းများ၊ ကလေးသူငယ်အခွင့်အရေးစောင့်ရှောက်သည့်အဖွဲ့အစည်းများသို့ တင်ပြတောင်းဆိုခြင်းဖြင့် ဒုက္ခသည်စခန်းအတွင်း လွတ်လပ်သော ပညာသင်ခွင့်ရရှိစေရန် ကြိုးပမ်းခဲ့သည်။

ကာယာပူရီ စာသင်ကျောင်းကဲ့သို့သော ပညာရေးစင်တာများကို ကိုယ်တိုင်ဦးဆောင်ဖွင့်လှစ်ပေးခဲ့သည်။ သူကိုယ်တိုင်လည်း ပညာရေးစင်တာများတွင် မကြာခဏ သွားရောက်ကာ ကလေးများကို စာသင်ပြခြင်း၊ စာမေးပွဲ စစ်ဆေးခြင်း၊ ဆုပေးပွဲအခမ်းအနားများ ပြုလုပ်ပေးခြင်း၊ ကျောင်းကိစ္စနှင့် ဆရာမိဘကော်မတီနှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့ကို အရေးတယူ ပြုလုပ်လေ့ရှိသည်။

မိုဟစ်ဘုလ္လာသည် မျိုးကောင်းသားသမီး တစ်ယောက်ပီပီ ရိုးရာထုံးထမ်း အစဉ်အလာဓလေ့များကိုလည်း အစဉ်ဦးစားပေးတတ်သူဖြစ်သည်။ တစ်ဖက်နိုင်ငံတွင် ခိုလှုံနေရ၍ မိမိတို့၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ပျောက်ကွယ်သွားမည်ကို သူအမြဲ စိုးရိမ်လေ့ရှိသည်။ အထူးသဖြင့် ရောက်ရှိနေသောဒေသ၏ လွှမ်းမိုးမှုကြောင့် မိမိတို့၏ မိခင်ဘာသာစကား ရောယှက်ပျက်စီးသွားခြင်းမှ ကာကွယ်နိုင်ရန် ယဉ်ကျေးမှုနှင့် မိခင်ဘာသာစကား၏ အရေးပါပုံဆိုင်ရာ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ လူငယ်များကို ဆုံးမခြင်းများ ပြုလုပ်လေ့ရှိသည်။ ဘင်္ဂါလီစကားနှင့် ရိုဟင်ဂျာစကား ရောနှော၍မပြောဆိုရန် တားမြစ်သည်။ မိမိတို့၏ ဘာသာစကားကို ဂုဏ်ယူစွာပြောဆိုကြရန် လူငယ်များကို တိုက်တွန်းလေ့ရှိသည်။ ဝတ်စားဆင်ယင်မှုပိုင်းတွင်လည်း သူကိုယ်တိုင် နေရာတကာတွင် ရိုဟင်ဂျာ ရိုးရာပြင်ခံအင်္ကျီ(ဆဒေါ့ရီယား)ကို ဝတ်ဆင်လေ့ရှိ၏။ ဘာသာစကားနှင့် ယဉ်ကျေးမှု ပျောက်ကွယ်သွားလျှင် လူမျိုးပါ ပျောက်ကွယ်သွားနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့ကို အသက်နှင့်ရင်းပြီး ကာကွယ်ရမည်ဖြစ်ကြောင်း သူမကြာခဏ ပြောဆိုလေ့ရှိသည်။




(ပုံ) မိုဟစ်ဘုလ္လာနှင့်အတူ ARSPH အီးစီးများကို ရိုးရာဝတ်စုံနှင့် တွေ့ရစဉ်။ ၂၀၁၈။



(ပုံ) ဒုက္ခသည်စခန်းရှိ ကာယာပူရီပညာရေးစင်တာတွင် စာမေးပွဲစစ်ဆေးနေစဉ် လေ့လာကြည့်ရှုနေသော မိုဟစ်ဘုလ္လာ။ ၂၀၁၈။



(ပုံ) မိုဟစ်ဘုလ္လာသည် ကာယာပူရီပညာရေးစင်တာတွင် ဆရာမိဘအသင်းနှင့် ဆွေးနွေးနေစဉ်။၂၀၁၉။

## ○ မြန်မာအစိုးရကိုယ်စားလှယ်များနှင့်တွေ့ဆုံခြင်း

**"အပြန်အလှန်ဆွေးနွေးခြင်းဟာ အဖြေရှာခြင်းရဲ့ သော့ချက်ဖြစ်တယ်။ ကျနော်တို့နဲ့ တိုက်ရိုက်ဆွေးနွေးကြပါ (ကျနော့်တို့နဲ့ ပတ်သက်လို့သာ ဆွေးနွေးနေခြင်းက အဖြေမဟုတ်ဘူး)။ ကျနော်တို့ ဂုဏ်သိက္ခာရှိရှိ အိမ်ပြန်ချင်ကြတယ်။"**


ဤသည်ကား ရိုဟင်ဂျာဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးအတွက် မြန်မာအစိုးရနှင့် တစ်စားပွဲထိုင် ဆွေးနွေးရန်လိုအပ်ကြောင်း သတင်းမီဒီယာများတွင် မိုဟစ်ဘုလ္လာက ရင်ဖွင့်ခဲ့သည့်စကားဖြစ်သည်။ မိုဟစ်ဘုလ္လာသည် ဒုက္ခသည်များ ပြန်လည်လက်ခံရေးကိစ္စကို နိုင်ငံတကာအဆင့် ဆွေးနွေးခြင်းထက် ဒုက္ခသည်များနှင့် တိုက်ရိုက်ဆွေးနွေးခြင်းသည် ထိရောက်ပြီး ပို၍ပင် မြန်ဆန်လိမ့်မည်ဟု ယုံကြည်သည်။ "နှစ်နိုင်ငံ သံတမန်နည်းလမ်းအရ လျှို့ဝှက် သဘောတူလက်မှတ်ရေးထိုးမှုသည် ကျွန်ုပ်တို့ ကံကြမ္မာကို အကြိမ်ကြိမ် ဒုက္ခပေးပြီးပြီ။ အဲဒါကြောင့် ဒီတစ်ခါတော့ နှစ်နိုင်ငံသဘောတူညီချက်ကို အနည်းဆုံး လူသိရှင်ကြား ဖြစ်စေချင်တယ်"ဟု သတင်းထောက်ကို ဖြေကြားခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် မြန်မာအစိုးရက စေလွှတ်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ နိုင်ငံတော်အတိုင်အပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို လိပ်မူ၍ ဒုက္ခသည်များ ပြန်လည်လက်ခံရေးနှင့်ပတ်သက်သည့် စာတစ်စောင် လွှဲအပ်ပေးခဲ့သည်။

ထိုစာတွင် ဒုက္ခသည်များ နေရပ်ပြန်ရေးနှင့်စပ်လျဉ်း၍ ဒုက္ခသည်များ၏ သဘောဆန္ဒကို ချပြတောင်းဆိုခဲ့သည်။ ရိုဟင်ဂျာတိုင်းရင်းသားကို မြန်မာနိုင်ငံ၏ လူမျိုးစုတစ်စုအဖြစ်အသိအမှတ်ပြုရန်၊ နိုင်ငံခြားသားများ ကိုင်ဆောင်သည့် NVC ကတ်ပြားအစီစဉ်ကို ဖျက်သိမ်းပေးရန်၊ ယခင်က အတင်းအဓမ္မ ရုပ်သိမ်းခဲ့သော တိုင်းရင်းသားအခွင့်အရေးများကို ပြန်လည်ဖော်ဆောင်ပေးရန်၊ အသက်အိုးအိမ် လုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်နိုင်ရေးကို ဖော်ဆောင်ပေးရန် တောင်းဆိုခဲ့ သည်။ မိုဟစ်ဘုလ္လာသည် ဒေါ်အောင်ဆန်းစုကြည်ကို ဒီမိုကရေစီအိုင်ကွန်အဖြစ် စွဲမှတ်အားထားသူ ဖြစ်သည်။ သို့သော် ဒေါ်စု အိုင်စီဂျီတရားရုံးသို့တက်ရောက်၍ စစ်အုပ်စုကို ကာကွယ်ခဲ့သည့်အဖြစ်သည် မိုဟစ်ဘုလ္လာကို စိတ်ပျက်စေခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်တွင် ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိလာသော လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များနှင့်လည်း တွေ့ဆုံဆွေးနွေး ခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ မှ ၁၉ နှစ်ရက်ကြာ ဒုက္ခသည်စခန်းသို့ လာရောက်လေ့လာခဲ့သော မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာအဖွဲ့အ စည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး ဦးဆောင်သော မြန်မာနှင့်အာဆီယံ-အာရတ် (ASEAN ERAT) ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ ဒုက္ခသည်များ ပြန်လည်လက်ခံရေးအစီအစဉ်နှင့်ပတ်သက်၍ ရိုဟင်ဂျာတို့၏ ဘုံဆန္ဒကို တင်ပြဆွေးနွေးခဲ့သည်။

မြန်မာအစိုးရက မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်မျဉ်းသို့ စေလွှတ်သော ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ (RCM)နှင့်လည်းကောင်း၊ မောင်တောခရိုင် ကိုယ်စား လှယ်အဖွဲ့နှင့်လည်းကောင်း၊ အခြားအခြားသော မီဒီယာအဖွဲ့များ၊ ဒုက္ခသည်များ ပြန်လည်လက်ခံရေး တာဝန်ရှိသူများနှင့် ရိုဟင်ဂျာဒုက္ခသည်များကိုယ်စားပြု အဖြစ် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။



To
Daw Aung San Suu Kyi
Myanmar State Counsellor

October 31. 2018

Dear State Counsellor Daw Aung San Suu Kyi,

We, the Rohingya refugees in Bangladesh, would like to take this opportunity to outline our clear position regarding our eventual return to our homeland in Myanmar.

Rohingya Identity
As you are well aware, we are neither invaders nor illegal immigrants from Bangladesh. We have strong primary source evidence that we have been living in ARAKAN state. The evidence proof that we were official ethnic group of Myanmar in accordance with 1982 citizenship law, and yet your government is failing to accept this undeniable fact.

Before enacting this controversial law, which rendered us stateless within our own country, we were officially recognized as an ethnic group and our rights including full citizenship were upheld. Our group's ethnic status using the name Rohingya was mentioned in many official documents including encyclopaedias, and even in school textbooks.

Rohingya were among in the first batch of citizens to receive the National Registration Cards (NRC) when they were issued in Burma for the first time in the 1950s. We believe copies of our NRCs are still stored Immigration Offices throughout Rakhine State, along with family lists and many other forms of documentation. Your NLD Government announced in 2016 that Rohingya who had NRCs would become full citizens without needing the National Verification Card (NVC) but you have not followed through on this promise.

Genocide
The Burmese military regime has been trying to wipe Rohingya out from the country since 1974 by launching various brutal and ruthless operations. These are now officially recognized by the United Nations as tantamount to genocide, and as crimes against humanity.

Although the Myanmar government and military have been flatly denying that genocide has taken place, the evidence which can be found in the refugee camps, and the current situation inside Rakhine State flies in the face of such absurd denials. The conditions the Rohingya face in northern Rakhine are akin to living in open-air prisons. And in Sittwe, there is only one descriptor which comes close to reality - concentration camps.

As State Counsellor, you are the de-facto leader of the country, and you were elected in 2015 due to your policies on peace, human rights and democracy. It is because of this we are compelled to write this letter directly to you. We believe that you have a moral, political, legal and human obligation to stop the ongoing genocide faced by the Rohingya people in Rakhine State.

(ပုံ) ARSPH က ဒေါ်အောင်ဆန်းစုကြည်ထံ ပေးပို့ခဲ့သောစာ။(ရှေ့ဘက်) ၂၀၁၈၊ အောက်တိုဘာလ။

Return of Refugees

The Governments of Myanmar and Bangladesh signed a bilateral agreement on November 23, 2017 to repatriate Rohingya refugees in Bangladesh, and a tripartite agreement exists between the Myanmar Government, UNHCR and UNDP. Rohingya were not included or even consulted in either of these agreements and so we hereby formally register and record our demands.

Our Demands

1. Rohingya must be accepted as an official ethnic group in Myanmar as was the case in the 1970s.
2. The National Verification Card system must be abolished and Full Citizenship for Rohingya must be restored.
3. The return of Rohingya refugees to our homeland in Rakhine State must be protected by international security.
4. Compensation and reparations must be provided for lives lost and injuries inflicted, as well as for all property and land that has been lost or confiscated since 1992.
5. All Rohingya prisoners being arbitrarily held must be released, and innocent Rohingya must be removed from the lists of terrorists.
6. Rohingya must be able to return to our original houses and lands. This includes all internally displaced persons living Sittwe and other townships in Rakhine.
7. All legal and informal restrictions on our movement and access to services must be lifted.

State Counsellor Daw Aung San Suu Kyi,

Persecution directed at the Rohingya has been ongoing for more than four decades. At the same time, the promises made by consecutive Myanmar governments concerning the reinstatement of full citizenship have never been implemented.

It is because of this that we no longer accept any promises made by the Government of Myanmar. We demand to see evidence of your political commitment to treat us as equal citizens and human beings. We hereby inform you that we will not agree to be repatriated from Bangladesh to Myanmar until we see evidence of our above demands being fulfilled.

You have presided over one of the most violent and catastrophic episodes our country and indeed the world has ever seen. But you now also have the opportunity to bring about a sustainable and just settlement for the communities in Rakhine State, which will help guide Myanmar back onto a path to peace.

Yours faithfully,

ARSPH
(Arakan Rohingya Society for Peace & Human Rights)
On behalf of Rohingya survivors and refugees

ARHPH(Vice)

Ukhiya, Cox's Bazar, Bangladesh

ARHPH(CORE)

(ပုံ) ARSPH က ဒေါ်အောင်ဆန်းစုကြည်ထံ ပေးပို့ခဲ့သောစာ။(ကျော့ဘက်) ၂၀၁၈၊ အောက်တိုဘာလ။



(ပုံ) နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး ဦးဆောင်သော မြန်မာ-အာဆီယံ ကိုယ်စားလှယ်အဖွဲ့သည် မိုဟစ်ဘုလ္လာ ဦးဆောင်သော ဒုက္ခသည်များအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးနေစဉ်။ ၂၀၁၉ ခု ဒီဇင်ဘာလ။



(ပုံ) ဂျော်ဒန်နိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီး Harry Verweij သည် ARSPH ရုံးသို့ လာရောက်တွေ့ဆုံစဉ်။ ၂၀၁၉၊ စက်တင်ဘာ။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ်က တိုင်းပြည် အာဏာကို မတရားသိမ်းယူချုပ်ကိုင်ထားပြီးနောက် အသစ်တက်လာသော အမျိုးသားညီညွတ်ရေးအစိုးရ အန်ယူဂျီ ခေါ် (National Unity Government)နှင့်လည်း ရိုဟင်ဂျာဒုက္ခသည်များ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်နိုင်ရေးကို လက်တွဲဆောင်ရွက်စေလိုကြောင်း တိုက်တွန်းခဲ့သည်။ အွန်လိုင်းတွေ့ဆုံ ဆွေးနွေးမှုများလည်း ရံဖန်ရံခါ ပြုလုပ်ခဲ့သည်။ နွေဦးတော်လှန်ရေးအစိုးရတွင် ရိုဟင်ဂျာကိုယ်စားပြုတစ်ဦးတစ်ယောက် ခန့်အပ်ရန်လိုအပ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၈ ရက်စွဲပါ တရားဝင်သဘောထား ထုတ်ပြန်စာ တစ်ခုထုတ်ကာ တိုက်တွန်းခဲ့သည်။ သူသည် ယခင်က ဖြစ်ခဲ့သမျှကို မေ့ပစ်၍ အန်ယူဂျီအစိုးရက ရိုဟင်ဂျာအပေါ်ထားရှိသော မူဝါဒ၊ သဘောထားတို့ကို သူအားရကျေနပ်ခဲ့သည်။ မြန်မာပြည်အတွင်း လူနည်းစုမူစလင်အပေါ် ယခင်ထားရှိခဲ့သည့်အမြင် ပြောင်းလဲလာမှုကို တွေ့ရပြီး သူ ဝမ်းသာကြည်နူးမိသည်။ အန်ယူဂျီက ပေးခဲ့သောကတိကဝတ်ကို သူက လက်ခံယုံကြည်ခဲ့သည်။ ထို့ကြောင့် **"နွေဦးတော်လှန်ရေး အောင်မြင်တာနဲ့ ကျနော်တို့ အေးအေးဆေးဆေး အိမ်ပြန်နိုင်ပြီ"** ဟု ဘင်္ဂလားဒေ့ရှ်သတင်းဌာန မေးမြန်းခန်းတစ်ခုတွင် အတပ်ပြောဆိုခဲ့သည်။ မိုဟစ်ဘုလ္လာသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း သင့်မြတ်နေထိုင်နိုင်ရေးနှင့် စည်းလုံးညီညွတ်မှုရှိစေရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း မကြာခဏ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်လေ့ရှိခဲ့သည်။

မိုဟစ်ဘုလ္လာသည် ဘဝနောက်ဆုံးအချိန်အထိ ဒုက္ခသည်များ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်နိုင်ရေးကိစ္စ၊ ဒုက္ခသည်များအခွင့်အရေး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကိစ္စများကိုသာ ဦးထိပ်ထား ကိုယ်ကျိုးမဲ့သက်သက် ငြိမ်းငြိမ်းချမ်းချမ်း ဆောင်ရွက်ခဲ့သည်။ ရိုဟင်ဂျာဒုက္ခသည်များ ဂုဏ်သိက္ခာရှိရှိ နေရပ်ပြန်နိုင်ရေးသည် သူ၏ အကြီးမားဆုံး ရည်မှန်းချက်ပင်တည်း။

◆◇◆




(ပုံ) လူကယ်ပြန်ဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စခန်းသို့ လာရောက်စဉ် မိုဟစ်ဘုလ္လာနှင့် တွေ့ဆုံမေးမြန်းနေပုံ။ ၂၀၁၈ ခု ဧပြီလ။




(ပုံ) နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် ဦးမြင့်သူ ဒုက္ခသည်စခန်းသို့ လာရောက်လေ့လာစဉ်။ ၂၀၁၈ ခု အောက်တိုဘာလ။




(ပုံ) အင်းဒင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖော်ထုတ်သူ ရိုက်တာသတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို အမြန်ဆုံး ထောင်မှလွှတ်ပေးရန် ဆန္ဒပြတောင်းဆိုနေသည့် မိုဟစ်ဘုလ္လာ။




(ပုံ) US Agency for International Development ၏ တာဝန်ရှိသူများနှင့် ဝါရှင်တန်ဒီစီတွင် မိုဟစ်ဘုလ္လာ တွေ့ဆုံစဉ်။

○ 

# ဘာချန်ချာကျွန်းနှင့် အသက်ဘေး

မိုဟစ်ဘုလ္လာ လုပ်ကြံခံရမှု နောက်ကွယ်က ဇာတ်မြစ်မှာ သို့လော၊ သို့လော အငြင်းပွားရာပေါင်းများစွာနှင့် ရစ်ပတ်နေသည်။ အတိဒုက္ခရောက်နေသော လူမျိုးတုံးသတ်ဖြတ်မှုခံရ ဒုက္ခသည်များအား ကူညီနေသော ခေါင်းဆောင်တစ်ဦးကို အဘယ်ကြောင့် ပစ်မှတ်ထားလုပ်ကြံရသနည်း။ သူ့ကို လုပ်ကြံခြင်းဖြင့် အဘယ်အကျိုးများ ဖြစ်ထွန်းမည်နည်း စသော မေးခွန်းများ၏ အဖြေမှာ စောဒကများနှင့်ပင် ပြည့်နက်နေသည်။ သတင်းရင်းမြစ်များကို လေ့လာကြည့်သောအခါ ကွဲပြားသော ဇာတ်လမ်းများ ထင်ဟပ်နေကြောင်း တွေ့ရှိနိုင်သည်။ ဤနေရာတွင် ရှုထောင့်အဖက်ဖက်ကို တင်ပြသွားမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ၏ သုံးသပ်ချက်မှာ မိုဟစ်ဘုလ္လာ၏ ခေါင်းဆောင်မှုသည် ဘင်္ဂလားဒေ့ရှ် ရိုဟင်ဂျာ ဒုက္ခသည်စခန်းတစ်ခုလုံးတွင် တဖြည်းဖြည်းစိုးမိုးသွားသောအခါ ကိုးရာမဲ့ ဒုက္ခသည်များသည် ကောင်းမကောင်း၊ ရာမရာညွှန်ပြရာ ပုဂ္ဂိုလ်တစ်ဦးရရှိလာသည်။ ဒုက္ခသည်များကို မိမိအကျိုးစီးပွားအတွက် အသုံးချချင်သော အုပ်စုများအဖို့ ခေါင်းခဲစရာဖြစ်လာခဲ့သည်။ ထို့ကြောင့် ARSPH အဖွဲ့ဝင်များကို ခြိမ်းခြောက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ရန်ပြုခြင်းများ စတင်လာသည်ဟု ဘင်္ဂလားဒေ့ရှ်အစိုးရ တာဝန်ရှိသူများက ထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ထုတ်ဖော်ပြောဆိုချက်ကို စဉ်းစားဆင်ခြင်ကြည့်လျှင် "ဤလောက်မျှ မပြောပလောက် ပုဂ္ဂိုလ်ရေးလွှမ်းမိုးမှု အကြောင်းတစ်ခုတည်းနှင့်သာ အင်မတန်တန်ဖိုးရှိသည့် ဒုက္ခသည်အရေး လှုပ်ရှားနေသော ခေါင်းဆောင်တစ်ဦးကို သတ်ဖြတ်ရက်သလော" မေးခွန်းထုတ်စရာပင် မဟုတ်လော။

ဆိုရှယ်မီဒီယာတွင် အခြေအမြစ်မရှိ ပျံ့နေသော သတင်းမှားများလည်း သူ ခြိမ်းခြောက်ခံရမှု၏ လက်စဖြစ်နိုင်သည်ဟု တစ်ချို့က ထင်ကြေးပေးသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကော့စ်ဘာဇားခရိုင် တောင်ကြိုးတောင်ကြားတွင် သောင်တင်ထူထပ်နေသည့် ရိုဟင်ဂျာဒုက္ခသည်များထဲမှ အချို့ကို စစ်တကောင်းမြို့အနီးရှိ ရေဖွေးဖွေးနှင့်ပတ်ရံနေသည့် လူသူကင်းမဲ့သော ဘာချန်ချာကျွန်းငယ်တွင် ရွှေ့ပြောင်းနေရာချရန် စီမံကိန်းချသည်။ သို့သော် ထိုကျွန်းသည် ကုန်းမြေနှင့်ဝေးကွာနေသည့်အပြင် မိုးကြီးရေလွှမ်းမိုးမှု အန္တရာယ်လည်းရှိ၍ အကျဉ်းထောင်သဖွယ်ဖြစ်နေသည်။ သဘာဝဘေးအန္တရာယ်နှင့်မကင်းသောကျွန်းတွင် လူနေထိုင်ရန် မသင့်တော်သဖြင့် ဒုက္ခသည်များ ရွှေ့ပြောင်းသွားရန် အဖြတ်ငြင်းဆိုခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် နည်းအမျိုးမျိုးသုံး၍ ဒုက္ခသည်များကို ထိုကျွန်းသို့ မရရအောင် ရွှေ့ပြောင်းပြန်လည်နေရာချပေးရန် ကြိုးပမ်းလျက်ရှိခဲ့သည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ ဆိုရှယ်မီဒီယာတွင် ကောလာဟလသတင်းများ ဖြန့်လာခဲ့သည်မှာ "မိုဟစ်ဘုလ္လာသည် ဘာချန်ချာကျွန်းသို့ ရွှေ့ပြောင်းရေး အစီအစဉ်ကိုထောက်ခံကာ ဒုက္ခသည်များကိုလည်း စည်းရုံးနေသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့်ပူးပေါင်း၍ ဒုက္ခသည်အချို့ကို ဘာချန်ချာကျွန်းသို့ ပို့ဆောင်ရာမှာလည်း ကူညီခဲ့သည်" ဟု What's App၊ Facebook စသော ဆိုရှယ်မီဒီယာများတွင် အသံဖိုင်များဖြင့် ဝါဒဖြန့်ခဲ့သည်။ ဤသို့သတင်းသည် ဒုက္ခသည်များ၏ ဘုံဆန္ဒကို ဆန့်ကျင်၍ ဒုက္ခသည်များကို သစ္စာဖောက်ရာရောက်သဖြင့် ဒုက္ခသည်များအကြား အမျက်ဒေါသ ပေါက်ကွဲသံများ ဆန်ခတ်လာခဲ့သည်။

မိုဟစ်ဘုလ္လာကမူ သူ၏ဆန္ဒသည် အများနှင့်ထပ်တူဖြစ်ကြောင်း၊ ဘာချန်ချာကျွန်းစီမံကိန်းကို သူလက်မခံကြောင်း၊ ဆိုရှယ်မီဒီယာမှာ ဖြန့်ဝေနေသော သတင်းက မဟုတ်မမှန်သော သတင်းသာဖြစ်ကြောင်း၊ သူသည် နေရပ်ပြန်ရေးကိုသာ အဓိကကြိုးပမ်းနေကြောင်း သူ့ကိုထောက်ခံသူများအား တုန့်ပြန်ပြောဆိုခဲ့သည်။

ထိုလောက်နှင့် မရပ်သေး။ ARSPH ၏ Facebook အကောင့်အတုများဖွင့်၍ ဘာချန်ချာဆိုင်ရာ ဟုတ်ကမဟုတ်က သတင်းများလွှင့်ကာ ဒုက္ခသည်များအကြား စိတ်ဝမ်းကွဲအောင်၊ မိုဟစ်ဘုလ္လာ ဒုက္ခရောက်အောင် ကြံစည်ချက်များလည်း တွေ့ရှိရသည်။ အကောင့်အတု၏ အချို့သတင်းများကြောင့် မိုဟစ်ဘုလ္လာသည် ရဲတပ်ဖွဲ့၏ ခေါ်ယူစစ်ဆေးခြင်းကိုခံခဲ့ရသည်။ ARSPH၏ အကောင့်အတုများပေါ်နေကြောင်း ၄-၁၀-၂၀၁၈ ရက်စွဲဖြင့် တရားဝင်စာထုတ်ပြန်ရသည်။ လက်ကလေးထိပ် အင်တာနက်ရောက်နေသောခေတ်မှာ ဤသို့ဂျင်းခါးခါး သတင်းမှားများဖြန့်ကာ လူများအကြား မတည်မငြိမ်ဖြစ်အောင် ကြံစည်မှုက အလွန်လွယ်ကူလှသည်။ မည်သူမည်ဝါ၊ ဘယ်အဖွဲ့အစည်း၏ လက်ချဖြစ်သည်ကို တိတိကျကျဖော်ထုတ်ဖို့ ခဲယဉ်းလှသည်။ မိုဟစ်ဘုလ္လာကို ရန်ငြိုးထားသောသူများ ဖြစ်နိုင်သကဲ့သို့၊ မိုဟစ်ဘုလ္လာကို အသုံးချ၍ ဘာချန်ချာစီမံကိန်း အောင်မြင်စေချင်သောသက်ဆိုင်ရာအာဏာပိုင်၏ ကောက်ကျစ်မှုလည်း ဖြစ်နိုင်သည်။ ထိုကဲ့သို့ သတင်းမှားဖြင့် တိုက်ခိုက်မှုများ ဆိုရှယ်မီဒီယာပေါ် ပျံ့နှံ့လာလေလေ မိုဟစ်ဘုလ္လာအပေါ် ခြိမ်းခြောက်သတိပေးမှုလည်း ပြင်းထန်လာလေသည်။ ဤအချက်ကိုလည်း မိုဟစ်ဘုလ္လာလုပ်ကြံမှုတွင် အဓိက လေပင့်ခဲ့သောမီးစာလို ထည့်သွင်းစဉ်းစားသင့်သည်ဟု မြင်သည်။

ဤသို့ဖြင့် ၂၀၁၉ ခုနောက်ပိုင်း မိုဟစ်ဘုလ္လာကို အနည်းနှင့်အများခြိမ်းခြောက်လာသည်။ ARSPH အဖွဲ့ဝင်များသည် နေ့စဉ်ဘဝတွင် မည်သို့မည်ပုံခြိမ်းခြောက်ခံနေရပုံ၊ ကိုယ်ထိလက်ရောက်စော်ကားခံနေရပုံကို ဒုက္ခသည်စခန်းလုံခြုံရေး တာဝန်ခံများကိုလည်းကောင်း၊ RRRC ဟုခေါ်သော Refugee Relief

and Reparation Commissioner ကို (၉-၈-၂၀၂၁) ရက်စွဲဖြင့်လည်းကောင်း တိုင်ကြားခဲ့သည်။ သူတို့အား လုံခြုံရေးတိုးမြှင့်ပေးရန်လည်း တောင်းဆိုခဲ့ဖူးသည်။ ထို ရဲအဖွဲ့နှင့် စခန်းလုံခြုံရေး တာဝန်ခံတို့ထံ ပေးပို့ခဲ့သော တိုင်ကြားစာများသည် သူ အသတ်ခံရပြီးနောက် အင်တာနက်လိုင်းပေါ် ပေါက်ကြားလာခဲ့သည်။ နိုင်ငံတကာသတင်းဌာန မေးမြန်းခန်းများတွင်လည်း အသက်ခြိမ်းခြောက်ခံနေရကြောင်း သူ ရံဖန်ရံခါ ရင်ဖွင့်ခဲ့သည်။ သို့သော် အဘယ်ထိရောက်မှုမျှ မရှိခဲ့ချေ။

မိုဟစ်ဘုလ္လာလုပ်ကြံခံရပြီးနောက် အသံဖိုင်တစ်ခု အွန်းလိုင်းမီဒီယာများက ပျံ့လာခဲ့သည်။ ထိုအသံဖိုင်သည် သူ၏ နောက်ဆုံးရက်များတွင် အသံသွင်းခဲ့သည်ဟု ခန့်မှန်းရသည်။ “ARSPH အဖွဲ့ဝင်များကို လူဆိုးများက မကြာခဏ ခြိမ်းခြောက်နေကြောင်း၊ သူ့ကိုလည်း သုံးလေးကြိမ် အိမ်တိုင်ရောက်လာခေါ်သော်လည်း သူက ပုန်းရှောင်ဗှက်နေခဲ့ကြောင်း၊ သူ့ကို ပြန်ပေးဆွဲရန် ကြံစည်နေကြောင်း၊ လူဆိုးဂိုဏ်းသမားများသည် နိုင်ငံတကာ၏ ဝင်စွက်လာမှုကို ကြောက်ရွံ့၍ နေ့အလင်းအောက်တွင် ထင်ထင်ရှားရှား လက်မလွန်ရဲကြောင်း၊ တစ်ယောက်ယောက်ကို လက်နက်တပ်ဆင်ပေး၍ သူ့ကိုသတ်ခိုင်းနိုင်ကြောင်း၊ ထိုကဲ့သို့ သတင်းများကို သူကြားနေကြောင်း” အသံဖိုင်တွင် သူကိုယ်တိုင် ထွက်ဆိုထားသည်။ သူ့အတွက် ဆုတောင်းပေးရန်လည်း မေတ္တာရပ်ခံထားသည်။

မိုဟစ်ဘုလ္လာ အသတ်ခံခဲ့ရမှုမှာ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ၏ ပေါ့လျော့မှုကြောင့် အထမြောက်နိုင်ခဲ့သည်ဟုဆိုလျှင် မှားမည်မထင်ပေ။ ကိုယ်က မကောင်း သူများအပေါ်ချည်း အပြစ်ပုံချခြင်း သက်သက်မဟုတ်ချေ။ ထိုသို့ လက်ညှိုးထိုးပြနိုင်လောက်အောင် နောက်ခံအကြောင်းရင်းလည်း ရှိနေသည်။ ထိုအချိန်က ကမ္ဘာကို တုန်လှုပ်ခဲ့သောကြောက်မက်ဖွယ် ကိုဗစ် ၁၉၊ ကိုရိုနာ ဗိုင်းရစ် ဂယက်ရိုက်နေသည့်ကာလဖြစ်သည်။ ဒုက္ခသည်စခန်းမှာလည်း သွားလာရေးအကန့်အသတ်၊ လူစုလူဝေးအကန့်အသတ်များ မဖြေလျော့သေး။ အာဏာပိုင်များက စခန်းကို ပိတ်ဆို့ထားသည်။ ဤသို့သော်အချိန်ကာလတွင် ဒုက္ခသည်စခန်း

အပြင်ပထွက်၍ ခဏခဏ ရှောင်ပုန်းနေရခြင်းက ဒုက္ခသည်များအတွက် မလွယ်ကူလှချေ။ အာဏာပိုင်အဖွဲ့က စီစဉ်ပေးမှသာလျှင် ဖြစ်နိုင်လိမ့်မည်။ အကယ်၍ စခန်းပြင်ဘက် လုံခြုံသောတစ်နေရာတွင် မိုဟစ်ဘုလ္လာကို ခေတ္တ ရွှေ့ပြောင်းနေထိုင်နိုင်ရန် စီစဉ်ပေးခဲ့လျှင် လူဆိုးရန်မှ အကာအကွယ်ရရှိနိုင် မည်ပင်။ သို့သော် စခန်းတာဝန်ခံများက ထိုသို့ ဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့၏။ လုံခြုံရေး တောင်းခံလာလျှင် ဘာချန်ချာကျွန်းသို့သာ မိသားစုနှင့်အတူ ရွှေ့ပြောင်းရန် ဖိအားပေးလေ့ရှိခဲ့သည်။ ဝမ်းနည်းစရာ...။

ထို့အပြင် ARSPH ရုံးနှင့်မနီးမဝေးတွင် APBn ရဲစခန်းရှိသည်။ လမ်းတလျှောက် ရဲကင်းစခန်း သုံးခုတောင် ရှိနေသည်။ ရဲကို ကြိုတင်အသိပေးတိုင်ကြားခြင်းလည်း မနည်းရှိခဲ့သည်။ သို့ဖြစ်ပါလျက် လူသတ်မှုကျူးလွန်အောင်မြင်နိုင်ခဲ့သည်ကား စခန်းလုံခြုံရေးတာဝန်ခံရဲများကို မေးခွန်းထုတ်စရာပင် မဟုတ်ပါလော။ အားကိုးအားထားရာမဲ့ ဒုက္ခသည်ဖြစ်နေသဖြင့် သူ့အသက်တန်ဖိုး မရှိသလို လျစ်လျူရှုခံရ သလော။

မိုဟစ်ဘုလ္လာ လုပ်ကြံခံရမှုအပေါ် ရိုဟင်ဂျာအရေး တက်ကြွလှုပ်ရှားသူ ရိုနေဆန်းလွင်က-

> **"လူသတ်သမားများသည် လူသတ်မှုပြီးမြောက်ရန် အနည်းဆုံး ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် အချိန်ယူခဲ့သည်။ ရဲကင်းစခန်းတစ်ခုသည် ARSPH ရုံးနှင့် ကပ်လျက်ရှိသားနှင့် APBn ရဲတပ်ဖွဲ့က လူသတ်မှုကို တားဆီးရန် မအောင်မြင်ခဲ့ကြောင်း ဒုက္ခသည်စခန်းရှိ ရိုဟင်ဂျာများက အပြစ်တင်နေသည်" ဟုလည်းကောင်း၊ " ဘင်္ဂလားဒေ့ရှ် လုံခြုံရေး တပ်ဖွဲ့သာမက ကုလသမဂ္ဂအပါအဝင် ၄င်းနိုင်ငံရှိ နိုင်ငံခြားသံရုံးများကပါ မိုဟစ်ဘုလ္လာကို အကာအကွယ်ပေးရန် အရေးနိမ့်ခဲ့သည်"**

ဟု လည်းကောင်း သူ၏ တွတ်တာစာမျက်နှာတွင် ရေးသားဝေဖန်ခဲ့သည်။

မိုဟစ်ဘုလ္လာနှင့်အတူ အမေရိကန်သမ္မတ ဒေါနယ်ထရမ်နှင့် တွေ့ဆုံခဲ့သော မြန်မာပြည်အမျိုးသမီးများအရေး တက်ကြွလှုပ်ရှားသူ နိုင်ငံရေးအကျဉ်းသူဟောင်း မဝေဝေနုက-

**"မိုဟစ်ဘုလ္လာက သူ့ဘဝမလုံခြုံကြောင်း ကျွန်ုပ်တို့ကို ကြိုတင်အသိပေးခဲ့တယ်။ သို့ပေမယ့် သူသေဆုံးခံရတဲ့အချိန်အထိ ကျွန်ုပ်တို့ စောင့်လို့သာကြည့်နေခဲ့တာပဲ"**

ဟု ရိုဟင်ဂျာဒုက္ခသည်များ၏ အသံတစ်သံဖြစ်တဲ့ မိုဟစ်ဘုလ္လာကို ဆုံးရှုံးရမှုအပေါ် ယူကျုံးမရ ဝမ်းနည်းစွာ မှတ်ချက်ပေးခဲ့သည်။ မိုဟစ်ဘုလ္လာ ယုံကြည်အားထားခဲ့သော နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများက သူ့ကို အကာအကွယ်ပေးဖို့ အရေးမစိုက်ခဲ့ချေ။

အချုပ်ပြောရလျှင် မိုဟစ်ဘုလ္လာလုပ်ကြံမှုသည် နေ့ချင်းညချင်း ဖြစ်လာသည်မဟုတ်။ ထိုလုပ်ကြံမှုအထိရောက်အောင် အချိန်ဆွဲပြီး ရန်လိုသောပတ်ဝန်းကျင် ဖန်တီးလာခဲ့သည်။ ယင်းထဲမှ ဘာချန်ချာကျွန်းစီမံကိန်းနှင့်ဆိုင်သော ကောလာဟလသတင်းများ ဆိုရှယ်မီဒီယာပေါ်လွှင့်ကာ တိုက်ခိုက်မှုနှင့် ဒုက္ခသည်များ စိတ်ဝမ်းကွဲအောင် ကြံစည်မှုတို့က အဓိက မီးစာဖြစ်ခဲ့သည်။ ထို့အပြင် ကာယကံရှင်၏ အကြိမ်ကြိမ် ရင်ဖွင့်ပြောဆိုချက်၊ တိုင်ကြားချက်တို့ကို နားမဝင်ခဲ့သော ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ၏ ပေါ့လျော့မှုနှင့် နိုင်ငံတကာ လူ့အခွင့်အရေးလှုပ်ရှားသော အသိုင်းအဝိုင်းတို့၏ လျစ်လျူရှုမှု စသည်တို့လည်း ဤလုပ်ကြံမှုကို ချောမောစေခဲ့လေသည်။

◆◇◆

## ○ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ရဲသော သတ္တိရှင်

ယနေ့ ဆင်းရဲမွဲတေသောနိုင်ငံများနှင့် လူ့အခွင့်အရေးချိုးပေါက်နေသော နိုင်ငံများမှ အမြင်ကျယ်သူအချို့သည် မိမိတို့တိုင်းပြည်၏ နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူလျက် တချို့ တက်ကြွလှုပ်ရှားသူ ဟန်ဆောင်၍လည်းကောင်း၊ တချို့ အသက်အန္တရာယ်ကျရောက်နေသူ ဟန်ဆောင်၍လည်းကောင်း လီဆယ် အကြောင်းပြချက် အမျိုးမျိုးပြသကာ ဒီမိုကရေစီစနစ်ပြည့်ဝ၍ တိုးတက် ဖွံ့ဖြိုးသော အနောက်နိုင်ငံများသို့ ခိုလှုံရန် အားထုတ်နေချိန်ဖြစ်သည်။ မိမိအဖို့ အေးချမ်းသာယာသော အနာဂတ်တစ်ခု ဖန်းတီးလိုသော ဆန္ဒဖြစ်ပေသည်။ သို့သော် မိုဟစ်ဘုလ္လာကမူ ထိုသို့ ကိုယ်ကျိုးသမားများနှင့် လုံးဝဆန့်ကျင်လှသည်။ အသက်အန္တရာယ်တွင်းနက်ထဲ ကျရောက်ခဲ့သည်လင့်ကစား မိမိ၏ အနာဂတ်ကို ဘေးဖယ်ထား၍ မိမိတိုင်းပြည်နှင့် လူမျိုး၏ အနာဂတ်သာယာရေးကို ဦးစားပေး သူဖြစ်သည်။

မိုဟစ်ဘုလ္လာသည် ဘဝလုံခြုံသောတိုင်းပြည်များသို့ သွားရောက်ခိုလှုံရန် အခွင့်ကောင်းများစွာ ရရှိခဲ့သည်။ သူ၏ ဥရောပနှင့်အမေရိကန် ခရီးစဉ်များအတွင်း နိုင်ငံရေးခိုလှုံခွင့်ကို တောင်းဆိုခဲ့လျှင် လွယ်လွယ်ကူကူနှင့် ရရှိနိုင်မည် ဖြစ်သော်လည်း သူကား မလိုလားခဲ့ချေ။ မိမိအပေါ် အားကိုးထားသော နောက်လိုက် နောက်ဖော်များကို သစ္စာမဖောက်ခဲ့ချေ။

အမျိုးနှင့်တိုင်းပြည်အတွက် အသက်စွန့်ရန် ဝိစ္စမျှ ဝန်မလေးသော မိုဟစ်ဘုလ္လာသည် ရိုက်တာသတင်းဌာန၏ အင်တာဗျူးတစ်ခုတွင် သူ့ကို ဘဝ လုံခြုံသောနိုင်ငံ တစ်နိုင်ငံသို့ ခိုလှုံခွင့်ယူရန် တိုက်တွန်းခဲ့ရာ မိုဟစ်ဘုလ္လာက-

**"ကျနော် သေရရင်သေရပါစေ။ ကျနော့်အမျိုးအတွက် ကျနော့် အသက် စတေးလိုက်တော့မယ်"**

ဟု ရဲရဲဝံ့ဝံ့ တုန့်ပြန်ပြောဆိုခဲ့သည်။ မိုဟစ်ဘုလ္လာသည် မိမိ၏အသက် လုံခြုံရေးကြောင့် ၁၀ သိန်းကျော်သော အားကိုးရာမဲ့ ဒုက္ခသည်များကို ဆင်းရဲ ဒုက္ခအတွင်း သည်အတိုင်း ပစ်ထားခြင်းကို မလိုလားချေ။ မှန်ကန်ရိုးသားသော ဦးဆောင်မှုမရှိခဲ့လျှင် ဒုက္ခသည်များ ပို၍ပင် ဒုက္ခမိုးမှောက်ကျနိုင်မည်ဖြစ်ကြောင်း၊ နေရပ်ပြန်ရေးအိပ်မက် အလှမ်းဝေးသွားနိုင်ကြောင်း သူယုံကြည်သည်။ ထို့ကြောင့် မိမိ အသက်ထက်ပို၍ ဒုက္ခသည်အရေး အရေးကြီးနေကြောင်း သူခံယူခဲ့သည်။ သူဦးဆောင်၍ ရေးဆွဲထားသော ဒုက္ခသည်ပြဿနာဖြေရှင်းရေးလမ်းစဉ်ကို သူ အလွန်တရာ စိတ်ချယုံကြည်မှုရှိခဲ့သည်။ ထိုလမ်းစဉ်အတိုင်း မယိုင်မလဲ လျှောက် လှမ်းနိုင်ပါက ရည်မှန်းချက်ပန်းတိုင်ကာ ဝေးလိမ့်မည်မဟုတ်ဟူသော ခံယူချက် လည်းရှိသည်။

မိုဟစ်ဘုလ္လာကို တခြားနိုင်ငံတစ်ခုခုသို့ ခိုလှုံခွင့်ယူရန် သတင်းစာဆရာ Sam Jahan က မေးသောအခါတွင်လည်း-

**"ကျနော်ကတော့ ဒီမှာပဲနေချင်တယ် *(တို့လူတွေနဲ့ပဲအတူနေချင်တယ်)*။ သေရရင်လဲ ဒီအကြောင်းနဲ့ပဲ သေချင်တယ် *(ဒုက္ခသည်များအတွက် တိုက်ပွဲဝင်ရင်းပဲ သေချင်တယ်)"***

ခပ်ပြုံးပြုံး ဖြေဆိုခဲ့သည်ဟု ဂျာဟန်က သူ၏ Goodbye My Dear Friend! ဆောင်းပါးတွင် ဖော်ပြခဲ့သည်။ သူ၏ အပြောအဆိုမှ သူ့စိတ်ဓာတ် ပေါ်လွင်စေ သည်။ သူကား မဟာစိတ်ဓါတ်ရှင်ပင်တည်း။

◆◇◆



## ဘ၀ နောက်ဆုံးည

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် ဗုဒ္ဓဟူးနေ့ညက မိုဟစ်ဘုလ္လာအတွက် နောက်ဆုံး ဘ၀နိဂုံးချုပ်မည့်ည ဖြစ်သွားမည်ကို မှန်းတောင်မမှန်းခဲ့ချေ။ မိုဟစ်ဘုလ္လာသည် ခါတိုင်းလို ထိုည အေရှားနမာစ်ဝတ်ပြုပြီးနောက် မိမိတဲအိမ်သို့ ပြန်လာခဲ့သည်။ ညနေစာအဖြစ် နံပြားနှင့် ပဲဟင်းစားကာ မိန်းမထံမှ ကွမ်းတစ်ယာ တောင်းယူသည်။ ကွမ်းဝါးရင်း ကူတုပါလောင် ဒုက္ခသည်စခန်း အမှတ် (၁) လာမ်ဘာချီးယားရှိ ARSPH ရုံးခန်းဆီသို့ ခပ်မြန်မြန် ထွက်လာခဲ့သည်။ သူ၏ရုံးနှင့် သူ့အိမ်ကား နီးနီးကပ်ကပ်လေး။ ဝါးတစ်ပြန် နှစ်ပြန်စာလောက်သာ ကွာဝေးသည်။

သူ ရုံးထဲသို့ဝင်၍ ရောက်ရှိနေသောလူများနှင့် စားနပ်ရိက္ခာ အကျပ်အတည်းအကြောင်း ဆွေးနွေးတိုင်ပင်နေစဉ် ညနေ ၈း၃၀ နာရီခန့်တွင် ရုတ်တရက် မျက်နှာဖုံးစွပ်ထားသော သေနတ်သမား (၃) ယောက် ရုံးခန်းသို့ ဖုန်းခနဲ ဝင်ရောက်လာကာ တစ်ယောက်က "ဟဲ့... မိုဟစ်ဘုလ္လာ" သုံးကြိမ် အော်ဟစ်ရင်း သေနတ် သုံးချက်ပစ်ခတ်ခဲ့လေသည်။

မိုဟစ်ဘုလ္လာသည် ကျည်ဆံနှစ်ချက် ထိခံရသော်လည်း ထိုင်ရာကနေ မတ်တပ်ရပ်ကာ ရုံးအရှေ့ဘက်ကို ခြေလှမ်း သုံးလေးလှမ်း လျှောက်သွားခဲ့သည်။ ထိုအခါ နောက်သေနတ်သမား တစ်ယောက်က ရင်ဘတ်ကို နှစ်ချက် ထပ်မံ ပစ်ခတ်ရာ မှောက်လဲကျသွားသည်။

သေနတ်သံကြား၍ အိမ်မှ ဝရုန်းသုန်း ထွက်ပြေးလာသော သူ့အကြီးဆုံး သမီး မရှားမီးမာကို ရုံးအဝတွင် သေနတ်သမားတစ်ယောက်က ကန်ချလိုက်သည်။ သူမသည် လဲရာကနေပြန်ထ၍ ရုံးခန်းထဲ အဖေဆီသို့ ပြေးဝင်သွားလေသည်။ သွေးအိုင်ထဲ လဲလျောင်း၍ နောက်ဆုံးအသက်ငင်နေသည့် သူ့အဖေ၏ခေါင်းကို မိမိ၏ပေါင်ပေါ်တွင် မတင်ခဲ့ကာ အရှိုက်တငင်ငိုကြွေးလျက် အကူအညီတောင်းခံ သည်။ ထိုအချိန်တွင် မိုဟစ်ဘုလ္လာ၏ နှုတ်ခမ်းဖျားလေး အနည်းငယ် လှုပ်ခတ် လျက် ရပ်တန့်သွားကာ ထိုနေရာ၌ပင် သေဆုံးခဲ့ရှာသည်။ သေနတ်သမားများ လည်း အလစ်ငင် ထွက်ပြေးခဲ့လေသည်။

ပတ်ဝန်းကျင်မှ လူများ အခင်းဖြစ်ရာနေရာသို့ အလန့်တကြားဝိုင်းဝန်း ရောက်လာ၍ မိုဟစ်ဘုလ္လာကို သေနတ်ဒဏ်ရာ လေးချက်နှင့် BRAC ဆေးခန်းသို့ ယူဆောင်သွားခဲ့သည်။ အသက်မရှိတော့ကြောင်း ဆရာဝန်က ဝမ်းနည်းစွာ အတည်ပြုလိုက်သည်။ ထိုမှတဆင့် MSF ဆေးခန်းသို့ ယူဆောင်သွားသော်လည်း အကြောင်းမထူးလှချေ။ ရဲမှူးခင်းထုံးစံအရ ရင်ဘတ်ခွဲစစ်ဆေးရန်အတွက် မှူခင်းရဲ




(ပုံ) မိုဟစ်ဘုလ္လာကို လုပ်ကြံခဲ့သည့်နေရာတွင် သွေးယိုသွေးကျန်တွေ့ရပုံ။ ARSPH ရုံး။ ၂၀၂၁ ခု စက်တင်ဘာလ ၃၀ ရက်။



(ပုံ) မိုဟစ်ဘုလ္လာ၏အလောင်းကို ကော့စ်ဘာဇား ပြည်သူ့ဆေးရုံမှ သယ်ဆောင်လာနေစဉ်။ ၂၀၂၁ ခု စက်တင်ဘာလ ၃၀ ရက်။

တပ်ဖွဲ့က ညချင်းပင် ကော့စ်ဘာဇားခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ယူဆောင်သွားခဲ့လေသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ မိုဟစ်ဘုလ္လာသည် ညအမှောင်ထဲတွင် မသမာသော သေနတ်သမားများ၏ လက်ချက်ကြောင့် ရက်ရက်စက်စက် လုပ်ကြံခံရပြီး နောက်နေ့ ကြာသပတေးနေ့တွင် သူ၏နောက်ဆုံး ဂျနာဇာအခမ်းအနားပြုလုပ်ရာ လူထောင်ပေါင်းများစွာ အုတ်အုတ်သဲသဲ တက်ရောက်ခဲ့ကြပြီး ဝမ်းနည်းကြေကွဲခဲ့ကြသည်။ ဂျနာဇာအခမ်းအနားတွင် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက လုံခြုံရေး အတင်းအကျပ် ချပေးခဲ့သည်။ စစ်တပ်ရဲတပ်များနှင့် လူထောင်ပေါင်းများစွာ ဝန်းရံလျက် သူ့နောက်ဆုံးခရီး လိုက်ပို့နေသောမြင်ကွင်းမှာ အလွန်ပင် သိန်သရေရှိလှပေသည်။ မျိုးချစ်သူရဲကောင်းတစ်ဦး၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိရှိ အမိမြေပြန်ရေးအိပ်မက် မဖြည့်ဆည်းနိုင်ခဲ့သော်လည်း နောက်ဆုံး ခရီးကား ဂုဏ်သိက္ခာရှိရှိ ပြန်နိုင်ခဲ့သည်။ သူ့ရုပ်အလောင်းကို ကူတုပါလောင် ဒုက္ခသည်စခန်းရှိ သင်္ချိုင်းတစ်ခုတွင် မြေချဒဖနာခဲ့သည်။

မိုဟစ်ဘုလ္လာ၏ မိမိနေရပ်ပြန်ရေး အိပ်မက်သည် အိပ်မက်အဖြစ်သာ ကျန်ရစ်နေကာ ရိုဟင်ဂျာဒုက္ခသည်များကို နှုတ်ခွန်းဆက်သ ထွက်ခွာခဲ့လေသည်။ ရိုဟင်ဂျာလူထုသည် အလွန်တရာ တန်ဖိုးရှိလှသည့် ချစ်မြတ်နိုးသော ခေါင်းဆောင်တစ်ဦး ဆုံးရှုံးခဲ့ရလေသည်။ မည်သို့မှ အစားထိုးမရနိုင်သော ဆုံးရှုံးမှုတစ်ခုပင် ဖြစ်သည်။ မိုဟစ်ဘုလ္လာ၏ ခေါင်းဆောင်မှုကို စုံမှတ်ယုံကြည်သော ရိုဟင်ဂျာဒုက္ခသည်များ၏ နေရပ်ပြန်ရေးအိပ်မက်ကား မဖြည့်မဆည်း ကျန်ရှိခဲ့ရှာလေသည်။ အာ့....ချာန်တီရ်ဘာဖ်!

◆◇◆



(ပုံ) ဂျနာဇာနမာစ်ဝတ်ပြုမည့်ကွင်းပြင်သို့ မိုဟစ်ဘုလ္လာကို သယ်ဆောင်သွားနေစဉ်။ ဂျနာဇာအခမ်းအနားမြင်ကွင်း။ ဓာတ်ပုံ ၂၀၂၁ ခု စက်တင်ဘာလ ၃၀ ရက်။



(ပုံ) ကုတုပလောင် ဒုက္ခသည်စခန်းတစ်နေရာတွင်ရှိသော မိုဟစ်ဘုလ္လာနောက်ဆုံး လဲလျောင်းရာ ကဗရ်။

○

# လုပ်ကြံမှုနောက်ပိုင်း တုန့်ပြန်မှုများ

လူ့အခွင့်အရေး သူရဲကောင်း မိုဟစ်ဘုလ္လာ လုပ်ကြံခံရခြင်း သတင်းသည် ညချင်းပင် ကမ္ဘာအနှံ့ ပျံ့နှံ့သွားခဲ့သည်။ ရုပ်မြင်သံကြား၊ အွန်လိုင်းသတင်းမီဒီယာ၊ ဆိုရှယ်မီဒီယာ စာမျက်နှာများတွင် ထိုသတင်းကသာ ကြေကွဲဝမ်းနည်းသံနှင့် တရှိုက်ရှိုက် မြည်နေသည်။ နိုင်ငံအသီးသီးက ခေါင်းဆောင်များ၊ လူ့အခွင့်အရေး လှုပ်ရှားသူများက ဝမ်းနည်း ရှုတ်ချကြပြီး ၎င်းလူမဆန်သောလုပ်ကြံမှုကို ပွင့်လင်းမြင်သာစွာ စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေး၍ အမြန်ဆုံးတရားခံဖော်ထုတ် အရေးယူပေးရန် ကုလသမဂ္ဂ၊ အိုအိုင်စီ၊ လူ့အခွင့်အရေးလှုပ်ရှားသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အမေရိကန်၊ အီးယူ၊ တူရကီ အပါအဝင် နိုင်ငံအများအပြားက တောင်းဆိုခဲ့သည်။ ရိုဟင်ဂျာတစ်မျိုးသားလုံးနှင့် ထပ်တူဝမ်းနည်း ကြေကွဲခြင်းကို လည်း ပြသခဲ့သည်။ ပြည်တွင်းပြည်ပ ရိုဟင်ဂျာအဖွဲ့အစည်းများ၊ ရိုဟင်ဂျာအရေး တက်ကြွလှုပ်ရှားသူများကလည်း အမျိုးသစ္စာဖောက် လူသတ်မှုကျူးလွန်သူများ ကို စိစစ်ဖော်ထုတ်ပြီး တရားမျှတမှုကို အမြန်ဆုံးဖော်ဆောင်ပေးရန် အသီးသီး သဘောထားထုတ်ပြန်ကာ တိုက်တွန်းခဲ့သည်။

ကြာသပတေးနေ့ ညတွင် မိုဟစ်ဘုလ္လာ၏ ညီဖြစ်သူ ဦးဟာဘီဘုလ္လာက ဦကီးယားရဲစခန်း၌ အမှုဖွင့်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ် APBn နှင့် မူခင်းရဲတပ်ဖွဲ့သည် ချက်ချင်းပင် လှုပ်ရှားလာကာ သံသယရှိသော လူ ၅ ဦးကို စတင်ဖမ်းဆီးခဲ့သည်။ သံသယရှိသော လူများဆက်လက် ဖမ်းဆီးစစ်ဆေးရာ ၎င်းတို့အနက် အချို့မှာ အာရကန်-ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် (ARSA)၏ အဖွဲ့ဝင်များဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။ သို့သော် အာရ်ဆာတပ်ဖွဲ့ကမူ သူတို့အဖွဲ့သား မဟုတ်ကြောင်း၊ ထိုလုပ်ကြံမှုတွင် သူတို့အဖွဲ့၏ လက်စလုံးဝမပါကြောင်း၊ ရာဇဝတ်ကောင်များကို အမြန်ဆုံးဖမ်းဆီးအရေးယူပေးရန် သူတို့လိုလားကြောင်း၊ ရိုဟင်ဂျာဒုက္ခသည်အရေး လှုပ်ရှားနေသော ငြိမ်းချမ်းရေးပုဂ္ဂိုလ်တစ်ဦးကို သူတို့အနေနှင့် ရှင်းလင်းခဲ့သည်ဆိုခြင်းက အဓိပ္ပာယ်မရှိသော စွပ်စွဲချက်သက်သက် ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် ငြင်းဆိုခဲ့သည်။

အောက်တိုဘာလ ၉ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဌာန အတွင်းဝန် မာဆူတ်ဘင်မိုမန့် ကိုယ်တိုင် ဒုက္ခသည်စခန်းသို့ သွားရောက်ကာ မိုဟစ်ဘုလ္လာ၏မိသားစုနှင့် တွေ့ဆုံ၍ အားပေးစကားဆိုခဲ့သည်။ ဘင်္ဂလားဒေ့ရှ် အစိုးရသည် မိုဟစ်ဘုလ္လာ လုပ်ကြံခံရမှုအမှုကို အရေးတယူကိုင်တွယ်မည်ဖြစ်ကြောင်း၊ လူသတ်မှုကျူးလွန်သူ တရားခံများကို အမြန်ဆုံးဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ မိုဟစ်ဘုလ္လာကို လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် ဒုက္ခသည်များ နေရပ်ပြန်ရေးအစီစဉ်ကို အဟန့်အတားပြုနိုင်မည်မဟုတ်ကြောင်း သတင်းထောက်များနှင့် တွေ့ဆုံရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်းကြီးဌာန အတွင်းဝန်မိုမန့် ရောက်လာသည့်နေ့မှာပင် ဒုက္ခသည်စခန်း၌ မိုဟစ်ဘုလ္လာလုပ်ကြံမှု တရားခံဖော်ထုတ်အရေးယူပေးရန် ဒုက္ခသည်များက **We Want Justice For Mohib Ullah** ဆိုင်းဘုတ်ကိုင်၍ ဆန္ဒပြတောင်းဆိုခဲ့သည်။ သို့သော် စခန်းအာဏာပိုင်များက ဆန္ဒပြသူအချို့ကို ဖမ်းဆီးအရေးယူခဲ့သည်ဟု လူ့အခွင့်အရေးလှုပ်ရှားသူများက ဖော်ပြခဲ့သည်။



(ပုံ) ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနအတွင်းဝန် မာဆုတ်ဘင်မိုမန်(အလယ်) ဒုက္ခသည်စခန်း၌ မိုဟစ်ဘုလ္လာလုပ်ကြံခံရသည့်နေရာကို လာရောက်ကြည့်ရှုကာ သူ့ မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းနေစဉ်။ ဓာတ်ပုံ Benar News | ၂၀၂၁ခု အောက်တိုဘာလ ၉ ရက်။



(ပုံ) မိုဟစ်ဘုလ္လာ၏ ဇနီး နော်ဆီမာ (ဝဲဘက်)၊ အကြီးဆုံး သမီး မရှားမီမာတို့ကို The Daily Star သတင်းထောက်က အင်တာဗျူးနေစဉ်။ ဓာတ်ပုံ Star | ၂၀၂၁ခု စက်တင်ဘာလ။

အောက်တိုဘာလ ၂၃ ရက်တွင် လူသတ်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ လက်နက်ကိုင်ရဲတပ်ရင်း ၁၄ (APBn) ၏ တပ်မှူး၊ ရဲတပ်ဖွဲ့မှူး နိုက်မုလ်ဟောက်က သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ထိုသတင်းစာရှင်းလင်းပွဲတွင်-

ဖမ်းဆီးထားသူများထဲတွင် လူသတ်မှုနှင့်ပါဝင်ပတ်သက်သည်ဟု ယူဆရသော အဓိကသံသယရှိသူ အာဇီဇုလ်ဟောက် (၃၆) ဆိုသူကို ကုတုပါလောင်စခန်း လောဟာရ်တံတားအနီးမှ နံနက် ၄ နာရီခန့်တွင် ရဲအဖွဲ့က ဖမ်းမိရရှိခဲ့ကြောင်း၊ ထိုသူ၏ ထွက်ဆိုချက်အရ ဒုက္ခသည်များခေါင်းဆောင် မိုဟစ်ဘုလ္လာအား လုပ်ကြံသတ်ဖြတ်မည့် အစီအစဉ်ကို စက်တင်ဘာ ၂၇ ရက်၊ ည ၁၀ နာရီဝန်းကျင်တွင် ကုတုပါလောင် ဒုက္ခသည်စခန်း၊ လာမ်ဘာချီးယာ မောရ်ကာစ်တောင်၌ သံသယရှိသော လူလေးဦး တွေ့ဆုံခဲ့ပြီး မိုဟစ်ဘုလ္လာကို ရှင်းလင်းရန် အထက်အမိန့်ရှိကြောင်း ဆွေးနွေးကြံစည်ခဲ့သည်ဟု တပ်ခွဲမှူးက ပြောဆိုခဲ့သည်။

အစီအစဉ်အရ မသမာသူတို့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် မူရ်ချိတ်အာမိန် ဆိုသူသည် စက်တင်ဘာ ၂၉ ရက်ညတွင် မိုဟစ်ဘုလ္လာ၏ နေအိမ်သို့ သွားရောက်ပြီး ဒုက္ခသည်နေရပ်ပြန်ရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးစရာရှိကြောင်း ဆိုကာ မိုဟစ်ဘုလ္လာကို ဖိတ်ခဲ့သည်။ ထို့နောက် မိုဟစ်ဘုလ္လာသည် သူ့အိမ်အနီးရှိ ARSPH ရုံးခန်းသို့ ထိုလူနှင့် ဆွေးနွေးတိုင်ပင်ရန် ရောက်လာခဲ့သည်။ မူရ်ချိတ်သည် မိုဟစ်ဘုလ္လာ၏ရုံးခန်းတွင် ထိုင်နေကြောင်း သူနှင့်ကြံရာပါ အခြား သံသယရှိသူ နှစ်ဦးဖြစ်သည့် မိုဟာမတ် အာနောစ်နှင့် နူရ်မှုဟာမတ် တို့ကို အကြောင်းကြားခဲ့သည်။ ထို့နောက် စခန်း Block C-8 အနီးရှိ သစ်သီးခြံတစ်ခုတွင် အသင့်စောင့်ဆိုင်းနေသော လူဆိုးအုပ်စုကို အသိပေးခဲ့သည်။ မကြာမီ လူဆိုး ကိုးဦး ရောက်လာ၍ သေနတ်ကိုင်ထားသည့် သုံးဦးသည် မိုဟစ်ဘုလ္လာ၏ ရုံးခန်းသို့ ဝင်သွားခဲ့သည်။ သေနတ်သမားနှစ်ဦးက တစ်ယောက် တစ်ချိန်းစီ ပစ်ခတ်ခဲ့ပြီး ကျန်တစ်ယောက်က

သေနတ်နှစ်ချိန်းပစ်ခတ်ခဲ့ပြီးနောက်၊ တိုက်ခိုက်သူများသည် သစ်သီးခြံထဲသို့ ပြန်လည်ထွက်ပြေး ပုန်းအောင်းသွားခဲ့သည်။

လူသတ်မှုတွင် လူဆိုးဂိုဏ်းသမား ၁၉ ယောက် ပါဝင်ခဲ့ပြီး လုပ်ကြံမှုကို နှစ်မိနစ်အတွင်း ပြီးစီးခဲ့သည်။ သံသယရှိသူ ငါးယောက်တွင် သေနတ်များပါရှိကြောင်း၊ အခြားသံသယရှိသော လူ ၃ ယောက်ကိုလည်း ယမန်နေ့က ဖမ်းမိ.... စသည်ဖြင့် တပ်မှူးက သတင်းထောက်များကို ရှင်းလင်းဖြေကြားခဲ့သည်။

ဤသတင်းစာရှင်းလင်းပွဲသည် နိုင်ငံတကာဖိအား၊ ဘင်္ဂလားဒေ့ရှ်အစိုးရဖိအားတို့ကို ကျော်လွှားနိုင်စေရန် သက်ဆိုင်ရာ ရဲတပ်ဖွဲ့က အလျင်စလို ထုတ်ပြန်လိုက်ခြင်းဟု ခန့်မှန်းရသည်။ ထို့ကြောင့် ကျွမ်းကျင်သူများက သံသယမကင်းဖြစ်ခဲ့သည်။ လူသတ်သမားဂိုဏ်းထဲက ပြစ်မှုကျူးလွန်သူတစ်ယောက် ဖမ်းမိခဲ့သည်ရှိသော် ယခုထက်ပို၍ တိကျသေချာသော ဖြစ်ရပ်အမှန်ကို ဖော်ထုတ်နိုင်လိမ့်မည်။

၂၀၂၂ ခုနှစ် မတ်လတွင် ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့သည် မိုဟစ်ဘုလ္လာ လုပ်ကြံခံရမှုနှင့်ဆက်စပ် အစီရင်ခံစာတစ်ခု ထပ်မံထုတ်ပြန်ခဲ့သည်။ ယင်း အစီရင်ခံစာတွင် “မိုဟစ်ဘုလ္လာ၏ တဟုန်းထိုးကျော်ကြားမှုကို အာရ်ဆာတပ်မတော်အတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် မြင်သောကြောင့်” လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ် ဇွန်လတွင် ကော့စ်ဘာဇား ခရိုင်တရားရုံးသို့ တင်သွင်းသည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာတွင်လည်း အာရကန်-ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော်၏ ခေါင်းဆောင်သည် မိုဟစ်ဘုလ္လာနှင့် ARSPH အဖွဲ့အစည်းကို ၎င်းတို့၏ လက်နက်ကိုင်တော်လှန်ရေးမှာ အဟန့်အတားဖြစ်စေနိုင်သည်ဟု စိုးရိမ်သဖြင့် လုပ်ကြံမှုကို အမိန့်ချသည်ဟု စွပ်စွဲခဲ့သည်။ ထို့ပြင် အာရ်ဆာတပ်မတော်က

သူတို့၏အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရန် မိုဟစ်ဘုလ္လာကို ကမ်းလှမ်းခဲ့ပေမယ့် သူကငြင်းဆိုခဲ့သည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဤအတော်အတွင်း လူသတ်မှုမှာပါဝင်ပတ်သက်သည်ဟု စွပ်စွဲခံထားရသော သံသယရှိသူ ၂၉ ဦးအနက် ၁၅ ဦးကို ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဖမ်းဆီးအမှုဖွင့်နိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

သို့သော် ဘင်္ဂလားဒေ့ရှ်မူခင်းတပ်ဖွဲ့သည် ယနေ့ထိ မိုဟစ်ဘုလ္လာလုပ်ကြံမှုဖြစ်စဉ်အမှန်ကို စေ့စေ့စပ်စပ် သက်သေလက်သည်နှင့်တကွ ဒုက္ခသည်များ ကျေနပ်လောက်အောင် တိတိကျကျဖော်ထုတ်နိုင်ခြင်း မရှိသေးချေ။ ပြည်တွင်းပြည်ပ နိုင်ငံရေးကျွမ်းကျင်သူ အချို့ကမူ ဤလုပ်ကြံမှုမှာ မြန်မာ့စစ်တပ်၏ ပယောဂရှိနိုင်ကြောင်း၊ ဒုက္ခသည်များ ပြန်လည်လက်ခံရေး အစီအစဉ်နှင့် ပတ်သက်နိုင်ချေ များကြောင်း သုံးသပ်ပြောဆိုကြသည်။

"ရန်သူပြေးမှ ဒူးလေးပြင်"ဆိုသကဲ့သို့ မိုဟစ်ဘုလ္လာ လုပ်ကြံခံရပြီးနောက် ဘင်္ဂလားဒေ့ရှ်အစိုးရလည်း ယခင်ထက်ပို ဆင်ခြင်လာလေသည်။ ဒုက္ခသည်စခန်းတွင် လုံခြုံရေးတိုးမြှင့်ပေးခြင်း၊ အသက်အန္တရာယ်ရှိသည်ဟု သတင်းထွက်သော မိသားစုများကို လုံခြုံရေးအခိုင်အမာချထားသော သီးသန့်နေရာတွင် ရွှေ့ပြောင်းထားခြင်း၊ လူဆိုးလူမိုက်တို့ကို စစ်ဆေးဖမ်းဆီး အရေးယူခြင်းများ တင်းတင်းမာမာ ပြုလုပ်လာကြသည်။ တစ်ချိန်တည်းမှာပင် လုပ်ကြံမှုကို ကြိုးကိုင်သည်ဟု စွပ်စွဲခံထားရသော အာရ်ဆာတပ်မတော်ကို ရိုဟင်ဂျာလူထုက အယုံအကြည်မဲ့လာခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရ အာဏာပိုင်ကလည်း လူသတ်မှုတရားခံအဖြစ် တပ်ဖွဲ့ဝင်များကို သုတ်သင်ရှင်းလင်းလာခဲ့သည်။ ယနေ့အထိ အာရ်ဆာအဖွဲ့၏ ထိပ်ပိုင်းခေါင်းဆောင် ၂၀ ဦးထက်မနည်း သတ်ဖြတ်ခံခဲ့ရသည်။ အဖွဲ့ဝင် ၁၇၀ ကျော် ဖမ်းဆီးထောင်ချခဲ့လေသည်။

ဤလူသတ်မှုကို နောက်ကွယ်က ကြိုးကိုင်ကြံစည်ခဲ့သော အုပ်စုက အလွန်ပင် ပါးနပ်လွန်းလှသည်ဟု ဆိုရပေမည်။ မိုဟာစ်ဘုလ္လာကို လုပ်ကြံလိုက်ခြင်းဖြင့် ဒုက္ခသည်များ အခွင့်အရေးအတွက် ရုန်းကန်နေသော ARSPH လည်း ယိုယွင်းသွားခဲ့သလို အင်အားကြီးထွားလာနေသော အာဆာတပ်မတော်လည်း အဖတ်မဆယ်နိုင်အောင် ဖရိုဖရဲ ဖြစ်လာခဲ့သည်။ မြှားတစ်စင်းဖြင့် ကျားနှစ်ကောင် အပိုင်ပစ်ချလိုက်ခြင်းပင်။ ရိုဟင်ဂျာတို့၏ အားကောင်း၍ ငြိမ်းချမ်းစွာ တော်လှန်နေသည့်အဖွဲ့အစည်းနှင့် အင်အားကြီး၍ လက်နက်ကိုင် တော်လှန်နေသည့် အဖွဲ့အစည်း နှစ်ဖွဲ့စလုံး ပြိုလဲသွားစေခဲ့လေသည်။

◆◇◆



(ပုံ) ARSPH ၏ စိတ်ဓာတ်မြင့်တင်ရေးယူနစ်မှ ဒုက္ခသည်အမျိုးသမီးများနှင့်အတူ မိုဟာစ်ဘုလ္လာကို တွေ့ရစဉ်။

## ○ မိသားစုဝင်များ လုံခြုံသောနိုင်ငံသို့ ရွှေ့ပြောင်းခြင်း

မိုဟစ်ဘုလ္လာလုပ်ကြံခံရပြီးနောက် သူ့မိန်းမ နော်ဆီမာ မှာ လုံးဝပြိုလဲသွားခဲ့သည်။ အချစ်တော်အမျိုးသားကို ဆုံးရှုံးခဲ့ရသည်ကတစ်ကြောင်း၊ ရောမမိသားစုလေ့ကြီးကို ဦးတည်ချက်မဲ့ တစ်ယောက်တည်း လှော်ခတ်ရမည်ကတစ်ကြောင်း အလွန်ပင် စိတ်ဆင်းရဲကြေကွဲမှုဒဏ်ကို ကြိတ်ခံစားနေရသည်။ ဒေါ်နော်ဆီမာက-

" သူက ကျမအတွက် တာဝန်ထုပ်တွေတစ်ပုံကြီး ချန်ရစ်သွားခဲ့တယ်။ ကျမဘဝပျက်သွားပြီ။ ဒီမိသားစုကို ကျမ ဘယ်လို စောင့်ရှောက်ရမလဲမသိဘူး။ ရှေ့မှာ ကြမ်းတမ်းခက်ခဲတဲ့ လမ်းခရီးချည်းပါပဲ။ ကျမ ဒီမှာ နေဖို့တောင် ကြောက်ရွံ့တယ်" ဟု အလ်ဂျဇီရာ အင်တာဗျူးတစ်ခုတွင် ဖြေသိမ့်မရသော အပူဒဏ်ရာနှင့် ပြောဆိုမိသည်။

မိုဟစ်ဘုလ္လာ၏ မိသားစုနှင့် ARSPH အဖွဲ့ဝင်အချို့ကို အသက်လုံခြုံမှုရှိစေရန်အတွက် မြောက်အမေရိကန်နိုင်ငံများသို့ ခိုလှုံခွင့်ပေးရန် လူ့အခွင့်အရေးလှုပ်ရှားသူများက တောင်းဆိုလာခဲ့သည်။ မိုဟစ်ဘုလ္လာ၏ မိသားစုလည်း လုံခြုံသောနိုင်ငံတစ်နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ရန် ဆန္ဒရှိခဲ့သည်။

ထိုတောင်းဆိုချက်ကို ကနေဒါနိုင်ငံက သဘောတူကာ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ပထမအသုတ်အဖြစ် မိုဟစ်ဘုလ္လာ၏ ဇနီး၊ သားသမီး ၉ ယောက်နှင့်သမက် အပါအဝင် မိသားစုဝင် ၁၁ ဦးကို စတင်ပြောင်းရွှေ့ခဲ့သည်။ ဒုတိယအသုတ်အဖြစ် စက်တင်ဘာလ ၂၆ ရက်တွင် မိုဟစ်ဘုလ္လာ၏ မိခင်၊ ညီကိုနှစ်ယာက်နှင့် သူတို့၏ မိသားစုဝင်များ အပါအဝင် ၁၄ ယောက်ကို ကနေဒါနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့သည်။ မိုဟစ်ဘုလ္လာ၊ ARSPH နှင့်ဆက်နွယ်သည့် စုစုပေါင်းလူအယောက် ၄၀ ကို ကနေဒါနိုင်ငံသို့ ပြောင်းရွှေ့ခဲ့ပြီဟု သတင်းမီဒီယာများက အတည်ပြုသည်။



(ပုံ) ဒုတိယအသုတ်အဖြစ် ဒုက္ခသည်စခန်းမှ ကနေဒါနိုင်ငံသို့ ထွက်ခွာနေသော မိုဟာစ်ဘုလ္လာ၏ မိသားစု။ ၂၀၂၂ ခု စက်တင်ဘာလ ၂၆ ရက်။



(ပုံ) ကနေဒါနိုင်ငံသို့ ရောက်ရှိနေသော မိုဟာစ်ဘုလ္လာ၏ မိသားစုနှင့် ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် ရော့ဘ်အော်လီဖန်နှင့်အတူ တွေ့ရစဉ်။

## ○ သူတို့ပြောသမျှအထွေထွေ

ဘင်္ဂလားဒေ့ရှ်ရောက် ရိုဟင်ဂျာဒုက္ခသည်များ၏ ခေါင်းဆောင် မိုဟစ်ဘုလ္လာလုပ်ကြံခံရပြီးနောက် ကမ္ဘာတစ်ဝန်းက ခေါင်းဆောင်များ၊ လူ့အခွင့်အရေးလှုပ်ရှားသူများက ယင်းလူသတ်မှုကို ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည့်အပြင် မိမိလူမျိုးတာဝန်ကျေပွန်ခဲ့သော အာဇာနည် သူရဲကောင်း မိုဟစ်ဘုလ္လာကိုလည်း ချီးမွမ်းမှုပန်းကုံးဖြင့် ဂုဏ်ပြုခဲ့သည်။

♣ **A Little Big Man**

> **"မိုဟစ်ဘုလ္လာက ခပ်ရဲရဲကြီးလူပါပဲ.... ပြုံးပြုံးရွှင်ရွှင်ကြီး၊ ကတိတည်ပြီး ခန့်ခန့်ခိုင်မာ မကြောက်မရွံ့ သတ္တိရှိတယ်။ သူ့ရဲ့ ရိုဟင်ဂျာ ညီအကို မောင်နှမတွေ အပေါ် အဘယ်လောက် ရည်မှန်းချက်ကြီးကြီးနဲ့ သူ့ကို နှစ်မြှုပ်ထားတယ်ဆိုတာ ရှင်းပြဖို့ ကျမမှာ စကားလုံးတောင် မလုံလောက်တော့ပါဘူး"**

ဟု မစ္စယန်ဟီးလီက မိုဟစ်ဘုလ္လာကို အောက်မေ့သတိရလျက် မှတ်ချက်ပေးခဲ့သည်။ ဒေါက်တာမစ္စလီက မိုဟစ်ဘုလ္လာကို **A Little Big Man** ဟု ဂုဏ်ပြုခဲ့သည်။

## ♣ အစွမ်းကောင်းသော လူ့အခွင့်အရေးလှုပ်ရှားသူ

> **"မိုဟစ်ဘုလ္လာကို ရိုဟင်ဂျာမွတ်စလင်တွေရဲ့ ရဲရင့်၍ အင်မတန်အားကောင်းတဲ့ လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးအဖြစ် ကမ္ဘာကအောက်မေ့သတိရလိမ့်မယ်"**

ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အင်တိုနီ ဘလိင်ကန် က သူ့တွတ်တာတွင် ဖော်ပြသည်။

## ♣ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သော ချန်ပီယံ

> **"မိုဟစ်ဘုလ္လာဟာ ရိုဟင်ဂျာအသိုင်းအဝိုင်းရဲ့ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ရဲရင့်သော ချန်ပီယံတစ်ဦးဖြစ်တယ်"**

ဟု အမေရိကန်သံအမတ် Earl R Miller က မိုဟစ်ဘုလ္လာ အသတ်ခံရမှုအပေါ် ဝမ်းနည်းပြီး တွတ်တာတွင် ဖော်ပြသည်။

## ♣ လူ့အခွင့်အရေးလှုပ်ရှားမှု၏ အကြီးဆုံးဆုံးရှုံးမှု

> **"ဒါဟာ မိုဟစ်ဘုလ္လာကို ချစ်မြတ်နိုးသူတိုင်းအတွက် ဆိုးရွားတဲ့ ဆုံးရှုံးမှုတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအတွက်ရော၊ ရိုဟင်ဂျာတွေနဲ့ လူ့အခွင့်အရေးလှုပ်ရှားမှုအတွက်ပါ ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခုဖြစ်တယ်"**

ဟု Fortify Rights မှ အမှုဆောင်အရာရှိချုပ် Matthew Smith က သဘောထားထုတ်ပြန်ခဲ့သည်။

**♣ အာဇာနည်သူရဲကောင်း**

မိုဟစ်ဘုလ္လာ၏ အကြီးဆုံးသမီး မရှားမိမာက

**"ဖေဖေက မိမိအမျိုးအတွက် အသက်ပေးသွားတဲ့ အာဇာနည် သူရဲကောင်းဖြစ်တယ်။ ဒီ စွန့်လွှတ်မှုကို အလကား မဖြစ်စေချင်ဘူး။ ဖေဖေရဲ့အိပ်မက်ကို အကောင်အထည် ဖော်စေချင်တယ်"**

ဟု The Daily Star အင်တာဗျူးတစ်ခုမှာ ပြောခဲ့သည်။




(ပုံ) ARSPH ရုံး၌ အမှုဆောင်အဖွဲ့နှင့်အတူ မိုဟစ်ဘုလ္လာကို တွေ့ရစဉ်။ ၂၀၁၈။

## ♣ လွတ်လပ်ရေးမျိုးစေ့

**“အသင်၏ သွေးရဲသည် လွတ်လပ်ရေးမျိုးစေ့တွေကို မျိုးအောင့်နိုင်ပါစေ။ ဤသွေးစွန်းဖျာလေးသည် လွတ်လပ်ရေးသူရဲကောင်းတွေကို လက်ခံနိုင်ပါစေ”**

ဟု ရိုဟင်ဂျာကဗျာဆရာ မေယုအာလီက စာဖွဲ့ ဂုဏ်ပြုခဲ့သည်။

## ♣ ဒုက္ခသည်များ၏ တန်ဖိုးရှိသောအသံတစ်သံ

**“မိုဟစ်ဘုလ္လာဟာ ဘင်္ဂလားဒေ့ရှ်ကို ဒုက္ခသည်အဖြစ် ရောက်ရှိလာတဲ့ မထင်မှတ်လောက်အောင် ဆိုးရွားနစ်နာမှုတွေနဲ့ နာကျင်မှုတွေ ခံစားခဲ့ရတဲ့ ရိုဟင်ဂျာအသိုင်းအဝိုင်းအတွက် အရေးကြီးတဲ့ အသံတစ်သံဖြစ်တယ်”**

ဟု လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ (HRW)မှ တောင်အာရှဒါရိုက်တာ Meenakshi Ganguly က ပြောကြားခဲ့သည်။

## ♣ မျှော်လင့်ချက် ရောင်ခြည်

**“လူသတ်သမားက လူ့အခွင့်အရေးသူရဲကောင်း မိုဟစ်ဘုလ္လာရဲ့ အသက်ကို နုတ်ယူနိုင်ခဲ့ရင်လည်း သူ့အသက်က ရှန်းလက်စွာ ဖြာထွက်စေခဲ့တဲ့ အမှန်တရားနှင့် မျှော်လင့်ချက်ရောင်ခြည်ကိုတော့ တားဆီးလို့ မရနိုင်ခဲ့ချေ”**

ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် တွမ်အန်ဒြူးက ဂုဏ်ပြုခဲ့သည်။

**♣ မော်ကွန်းတင် သူရဲကောင်း**

> **"စစ်မှန်တဲ့သူရဲကောင်းဆိုတာ မိုဟစ်ဘုလ္လာလိုပဲ သူ့လူမျိုးတွေနဲ့ အတူတူ မြေပြင်မှာ တိုက်ပွဲဝင်ကြတာဖြစ်တယ်။ သူ့ကို ကျမတို့ရဲ့ သူရဲကောင်းအဖြစ် မော်ကွန်းတင်သင့်တယ်။ သူလုပ်ကြံခံရတဲ့နေ့ကို ကျမတို့သမိုင်းရဲ့ အမှောင်နေ့တစ်နေ့အဖြစ် နှစ်စဉ်ဝမ်းနည်း ကြေကွဲ သင့်တယ်။"**

ဟု ရိုဟင်ဂျာအရေး တက်ကြွလှုပ်ရှားသူ ဒေါက်တာအမ်ဘီယာက ဂုဏ်ပြု တိုက်တွန်းခဲ့သည်။

**♣ တာဝန်သိတတ်သူ**

> **"အဲဒီမှာ ခြိမ်းခြောက်မှုရှိတယ်ဆိုတာ မိုဟစ်ဘုလ္လာက သိတယ်။ ဒါပေမဲ့ ခြိမ်းခြောက်မှုကြောင့် ဒီအလုပ်ကို သူသာမလုပ်တော့ဘူးဆိုရင် နောက်ဘယ်သူမှ လာလုပ်ပေးမှာ မဟုတ်ဘူးလို့ သူမှတ်ယူတာပေါ့။ "**

ဟု ရိုက်တာသတင်းထောက် အရှေ့တောင်အာရှ အထူးတာဝန်ခံ Poppy Mc Pherson က ဆိုသည်။

**♣ ဒုက္ခသည်များ၏ အဖိုးမဖြတ်နိုင်သောစည်းစိမ်**

> **"မိုဟစ်ဘုလ္လာဟာ သစ္စာရှိခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ပြီး ရိုဟင်ဂျာ ဒုက္ခသည်များ၏ ကြီးမားသော စည်းစိမ်တစ်ခုဖြစ်သည်"**

ဟု အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဝန်ကြီးဌာန ဒု-ဝန်ကြီး ဦးအောင်ကျော်မိုးက ဂုဏ်ပြုခဲ့သည်။

## ♣ ရန်သူပေါသော အလုပ်ခွင်

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ပရိုဂရမ်ဒါရိုက်တာ နော်ထူးထူးက

> **"လူ့အခွင့်အရေး ကာကွယ်သူအနေနဲ့ ရန်သူတွေ အများကြီးရှိတယ်။ မိုဟစ်ဘုလ္လာ အသတ်ခံရမှုက နယ်စပ်မှာ အလုပ်လုပ်နေတဲ့ တက်ကြွလှုပ်ရှားသူတွေကို စိုးရိမ်စရာကောင်းတဲ့ သတင်းစကား ပါးလိုက်တာ ဖြစ်ပြီး ကျွန်ုပ်တို့အတွက် လုံခြုံမှု မရှိဘူးဆိုတာကို ထောက်ပြတာလည်းဖြစ်တယ်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေရဲ့ တရားဝင် အကာအကွယ်ပေးတဲ့ ဥပဒေမရှိတဲ့အတွက် အမြဲတမ်း သတိထားဖို့ လိုပါတယ်"**

ဟု လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းမှာ အန္တရာယ်ရှိသော အလုပ်ဖြစ်ကြောင်း ထောက်ပြသွားသည်။

ရိုဟင်ဂျာဒုက္ခသည်အခွင့်အရေးနှင့် တရားမျှတမှုရှာဖွေရင်း အသက်ဇီဝန်ပေးသွားသော အာဇာနည်သူရဲကောင်း မိုဟစ်ဘုလ္လာသည် ရိုဟင်ဂျာတို့၏ ရင်ခွင်ထဲတွင် အပြုံးဆင်လျက် ထာဝရကိန်းဝပ်နေမည်ဖြစ်သည်။ လူ့အခွင့်အရေး လှုပ်ရှားသူများ၏ စံပြသူရဲကောင်းအဖြစ် ငြိမ်းချမ်းရေးကောင်းကင်မှာ အစဉ်ထောက်ပနေဦးမည်။ သေမင်း၏စားကျက်တွင် ရှုန်းကန်နေရသည်ကို သိလျက်သားနှင့် မဆုတ်မနစ် မကြောက်မရွံ့တိုက်ပွဲဝင်ခဲ့သော အာဇာနည် ငြိမ်းချမ်းရေး သူရဲကောင်း မိုဟစ်ဘုလ္လာ၏ အံ့ဖွယ်ရဲစွမ်းသတ္တိကို လေးစားစံပြုလောက်ပေသည်။ သူချသွားသော ခြေရာတိုင်းသည် ရိုဟင်ဂျာသမိုင်းတွင်သာမက ကမ္ဘာ့ငြိမ်းချမ်းရေးသမိုင်းမှာပါ ပြောင်ပြောင်လက်လက် နေရာယူသွားလေသတည်း။

**လူထုဝဏ္ဏ**

(၂၉-၉-၂၀၂၃)



(ပုံ) ဒုက္ခသည်စခန်းတစ်နေရာတွင် ဗမာရိုဟင်ဂျာအသင်းယူကေ၏ ဥက္ကဋ္ဌ ဦးထွန်းခင်နှင့်အတူ မိုဟစ်ဘုလ္လာကိုတွေ့ရစဉ်။ ၂၀၁၈။




(ပုံ) အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီတွင် ပြည်သူ့လွှတ်တော်အမတ်ဟောင်း ဦးရွှေမောင် နှင့်အတူတွေ့ရစဉ်။ ၂၀၁၉။

# မိုဟစ်ဘုလ္လာ၏ ဂုဏ်ရည်ဖွဲ့ကဗျာ


## Mr. Mohib Ullah

Mohib Ullah, oh Mohib Ullah,
A name that sings a song
Of strength and courage,
That echoes all day long.
With eyes that shine like stars,
And a heart that's pure and true,

Mohib Ullah, you are a wonder,
A hero through and through.
Your spirit knows no bounds,
Guided by a light divine,
You inspire those around you,
To be their best each time.

Mohib Ullah, oh Mohib Ullah,
Your name will never die.
For you live on in memory,
Of those whose hearts you touch and defy.

**— Furkhan**
(14-01-2024)




ကဗျာဆရာ ဖူရ်ကာန်က အာဇာနည် ငြိမ်းချမ်းရေး သူရဲကောင်း မိုဟစ်ဘုလ္လာ၏ ဂုဏ်ရည်ဖွဲ့ရေးစပ်ခဲ့သည့်ကဗျာတစ်ပုဒ်။



(ပုံ) မိုဟစ်ဘုလ္လာသည် အမေရိကန်နိုင်ငံ၊ မွတ်စလင်ကွန်မြူနီတီနှင့် တွေ့ဆုံ၍ ရိုဟင်ဂျာအရေး ရှင်းလင်းနေစဉ်။ ၂၀၁၉။

## သတင်းစကား

ဤ **ရိုဟင်ဂျာငြိမ်းချမ်းရေးသူရဲကောင်း မိုဟစ်ဘုလ္လာ** စာအုပ်ကို ဒုက္ခသည်များ၏အချစ်တော် မိုဟစ်ဘုလ္လာအား ဂုဏ်ပြုသည့်အနေဖြင့် သူ လုပ်ကြံခံရသည့်နေ့တွင် ထုတ်ဝေရန် အစီစဉ်ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အချိန်ကြန့်ကြာသွား၍ သတ်မှတ်ထားသောနေ့ရက်တွင် အချိန်မီ ထုတ်ဝေနိုင်ခြင်း မရှိခဲ့ချေ။

ဤစာအုပ်၌ မေ့ကျန်ရစ်မိသည့် တန်ဖိုးရှိလှသော သူ၏ဘဝခြေရာများ ရှိကောင်းရှိနိုင်သည်။ ထိုသို့ မမေ့မကျန်သင့်သည့် အချက်အလက်များနှင့် မစုံမလင်သော မှတ်တမ်းမှတ်ရာ အသေးစိတ်ကို ထပ်မံတည်းဖြတ် ဖြည့်စွက်၍ ဒုတိယအကြိမ် ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။





WION
Bangladesh: Rohingya leader Mohib Ullah shot dead
Rohingya Muslim Leader Mohib Ullah Shot Dead In Bangladesh Refugee Camp
September 29, 2021 2:30PM EDT
Rohingya Leader Mohibullah Killed in Bangladesh
DONATE NOW
Bangladesh: Investigate Assassination of Rohingya Human Rights Defender Mohib Ullah
News Release
September 29, 2021
ALIRAN
The murder of Rohingya human rights activist
The New York Times
Mohib Ullah, 46, Dies; Documented Ethnic Cleansing of Rohingya
Press Release
PRESS RELEASE REGARDING THE MURDER OF MOHAMMAD MOHIB ULLAH, CHAIRMAN OF THE ARAKAN ROHINGYA SOCIETY FOR PEACE
The Washington Post
Rohingya Muslim visited White House dead in Bangladesh
By Erin Cunningham
September 29, 2021 at 7:58 p.m.
Bangladesh Post
UNHCR condemns killing of Rohingya refugee leader
The Guardian
News Opinion Sport Culture Lifestyle
Rohingya
Prominent Rohingya leader shot dead in Bangladesh refugee camp
Rohingya leader who tallied atrocities shot dead in refugee camp
CNN
Rohingya leader in Bangladesh refugee camp
Story by Reuters
Rohingya Civil-Rights Leader Mohib Ullah Killed in Bangladesh
Leading Rohingya activist killed in Bangladesh
POLITICS | BANGLADESH
DW
FRONT LINE DEFENDERS
ROHINGYA HUMAN RIGHTS DEFENDER MOHIB ULLAH KILLED
PROTECTDEFENDERS.EU
Bangladesh: Killing of Rohingya human rights defender Muhib Ullah
TAIPEI TIMES
Home / World News
Fri, Oct 01, 2021 page6
Rohingya leader Mohib Ullah shot dead
UCAnews
Union of Catholic Asian News
BANGLADESH
Top Rohingya leader shot dead in Bangladesh

IF I DIE IM FINE.
I WILL GIVE MY LIFE FOR
MY COMMUNITY.

